မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၆ ရက် ၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၈)၊ အမှတ်(၉၃)

ပဓာနအကျဆုံး လိုအပ်ချက်

နိုင်ငံတော်သစ်တည်ဆောက်ရာတွင် မြန်မာ့ လူ့အဖွဲ့အစည်း တစ်ရပ်လုံး စည်းလုံးညီညွတ်ပြီး အေးချမ်း တည်ငြိမ်ရေး၊ အမျိုးသားအင်အား ခိုင်မာတောင့်တင်းရေးသည် ပဓာန အကျဆုံး လိုအပ်ချက်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာမှ-

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဝေန်တံတား(မြို့ကွင်း)ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကျူးဘားသမ္မတနိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁

၂၀၀၉ခုနှစ် ဇန်နဝါရီ ၁ရက်တွင် ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်မြောက်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကျူးဘားသမ္မတနိုင်ငံ သမ္မတ မစ္စတာရောင်းလ်ကတ်စထရိုရုဇ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပုသိမ်မြို့ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဝေန်တံတား(မြို့ကွင်း) တည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၃၁

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း ပုသိမ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ ဝေန်တံတား(မြို့ကွင်း) တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဇလွန်မြို့ရှိ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

ဝေန်တံတား (မြို့ကွင်း)ကို တွေ့ရစဉ်။ (သတင်းစဉ်)

1-1 (01).pmd 1 1/1/2009, 2:01 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁ ရက်)

နှစ်ဦးကာလ လွတ်လပ်ပျော်ရွှင်ခြင်း၏အရသာ တန်ဖိုးထား ကလောင်စွမ်းအားဖြင့် စည်းလုံးညီညွတ်မှု ကြိုးပမ်းဖော်ဆောင်

ယနေ့သည် ၂၀၀၉ခုနှစ် နှစ်ဦး နှစ်သစ်အခါသမယ မင်္ဂလာရှိသောနေ့ ဖြစ်သည်။ နှစ်သစ်အခါသမယတွင် တိုင်းရင်းသားပြည်သူအပေါင်း ပျော်ရွှင်ချမ်းမြေ့စွာဖြင့် လွတ်လပ်၍ တည်ငြိမ်အေးချမ်းမှုရှိသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ တက်ညီလက်ညီ အရောက်ချီတက်ကြရမည် ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရှည်လျားသည့် သမိုင်းကြောင်းတစ်လျှောက် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ထုံးတမ်းအစဉ်အလာများဖြင့် တည်တည်တံ့တံ့ ရပ်တည်လာခဲ့ပေသည်။ ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများနှင့် ရပ်တည်လာခဲ့ခြင်းသည် သမိုင်းကြောင်းနှင့်အတူ ယှဉ်တွဲပေါ်လာခဲ့ခြင်းဖြစ်သည်။

နိုင်ငံနှင့်လူမျိုး၏ အသက်ဝိညာဉ်သဖွယ်ဖြစ်သည့် အမျိုးသားယဉ်ကျေးမှု ရေရှည်တည်တံ့ပြီး နိုင်ငံတကာအလယ်၌ အမျိုးသားရေးဥပမိရပ်ထည်ဝါတင့်တယ်စွာ ရပ်တည်နိုင်ရေး ကြိုးပမ်းစွမ်းဆောင်နေကြသည့် အမျိုးသားရေးအင်အားစုများသည် စာပေပညာရှင်များသာ ဖြစ်ကြသည်။

ခေတ်အဆက်ဆက် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် စာပေပညာရှင်များအပါအဝင် နိုင်ငံ့အကျိုး သယ်ပိုးရွက်ဆောင်ကြသည့် မျိုးချစ်ပုဂ္ဂိုလ်များ၏ အစဉ်တစိုက် ကြိုးပမ်းအားထုတ်မှုကြောင့် တိုင်းရင်းသားများအတွင်း မှန်ကန်သော အတွေးအခေါ်မြော်မြင်မှုများ၊ စံပြုအပ်သည့် ကိုယ်ကျင့်တရားများ၊ ပြုကျင့်ဖွယ်နီတိများသည် ယှက်နွှယ်ပေါင်းစပ် ပျံ့နှံ့လျက်ရှိသည်။

အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှုကာလများတွင် အမျိုးသားစာဆိုများ၊ စာပေပညာရှင်များ၏ စာပေစွမ်းအားဖြင့် စည်းရုံးလှုံ့ဆော်မှုကြောင့် တိုင်းတစ်ပါးကျူးကျော်နယ်ချဲ့မှုတိုင်းကို ပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်မှုဖြင့် ပြန်လည်ရင်ဆိုင်တိုက်ထုတ်နိုင်ပြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းနိုင်ခဲ့ကြသည်။

မျက်မှောက်ကာလတွင် နိုင်ငံကြီးအချို့သည် ခေတ်မီတိုးတက်လျက်ရှိသည့် သတင်းဆက်သွယ်မှု နည်းပညာရပ်များကို အသုံးပြုပြီး ကမ္ဘာ့နိုင်ငံများအပေါ် နည်းမျိုးစုံဖြင့် လွှမ်းမိုးနိုင်ရေး ကြံစည်လုပ်ဆောင်လျက် ရှိသည်။

အချုပ်အခြာအာဏာပိုင်နိုင်ငံများအဖြစ် ရပ်တည်နေကြသည့် နိုင်ငံများအနေဖြင့် အံဝင်ခွင်ကျမဖြစ်နိုင်သော ယင်းတို့၏ အတွေးအခေါ်၊ ယဉ်ကျေးမှု၊ လူနေမှုစရိုက်များကို အပေါ်ယံတွင် မှန်ကန်မှုရှိသည့်အသွင် ယုံမှားလက်ခံ ကျင့်သုံးကြစေရေး လုပ်ဆောင်လျက်ရှိသည်။

သို့ဖြစ်ပေရာ ယနေ့ နှစ်သစ်ကာလတွင် စာပေအနုပညာနှင့် လူမှုရေးမျက်နှာစာတွင် တာဝန်ယူနေကြသည့် အမျိုးသားရေးအင်အားစု ဖြစ်သည့် စာပေပညာရှင်များသည် နိုင်ငံ၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ တိုင်းရင်းသားပြည်သူများအတွင်း ပြန့်ပွားခိုင်ကျည်စေရေးအတွက် ကလောင်စွမ်းအားဖြင့် စည်းရုံးဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒို့ကျေးရွာဂျာနယ် အတွဲ(၆)၊ အမှတ်(၁) ထုတ်ဝေ

ရန်ကုန် ဒီဇင်ဘာ ၃၁

ဆောင်းလလယ် ပြာသိုလ၊ မကာရရာသီ၏ ခွာညိုပန်းရနံ့များနှင့်အတူ ကျေးလက်နေ ပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ်အတွဲ(၆)၊ အမှတ်(၁)ကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် သီးနှံများ အလေအလွင့်နည်းအောင်၊ အမြဲပြုပြင်ထိန်းသိမ်းနေရမည့် လယ်ကြားမြောင်းများ၊ စီးပွားဖြစ် ဆီးစိုက်ပျိုးရေး စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ စားကျက်မြေများကို အနားပေးပါ၊ ဝက်မွေးမြူသူတိုင်း ဝက်များ၏ကျန်းမာရေးကို သတိပြုရန်လိုအပ်၊ စီးပွားတိုးရန် နို့စားနွားမွေးမြူပါ စသည့် မွေးမြူရေးဆောင်းပါးများ၊ ပါကင်ဆန်ရောဂါတွေ များလို့လာ၊ ဆေးဖက်အသုံးဝင် ခွေးတောက်နွယ်ပင်၊ အချိုမှုန့်အစား သကြားကို အသုံးပြုရန်လို၊ ဝမ်းလျှောဝမ်းပျက်ခြင်း စသည့် ကျန်းမာရေးဆောင်းပါးများ၊ ကြည်ညိုသဒ္ဓါပွားရမည့် မန်းရွှေစက်တော်ဘုရားပွဲတော်၊ လမ်းကို ဖြောင့်ဖြောင့်လျှောက်ရင် ပန်းတိုင်မြန်မြန်ရောက်တာပါပဲ၊ အိပ်မက်လှလှတွေကို အကောင်အထည်ဖော်သူ၊ ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် နိုင်ငံတော်အတွက် အဓိကလိုအပ်သော လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးနိုင်တော့မည်၊ ထိုင်းနိုင်ငံ၏ နိုင်ငံရေးအခြေအနေ ဘယ်လိုရှေ့ဆက်ကြမည်လဲ၊ အမေရိကန်အစိုးရသစ်အပေါ် ကမ္ဘာ့နိုင်ငံတိုင်းက စိတ်ဝင်စား စသည့် သုတရသဆောင်းပါးများ၊ အမျိုးသားစာပေ တစ်သက်တာဆုရှင် ဆရာဆင်ဖြူကျွန်းအောင်သိန်းနှင့် တွေ့ဆုံခြင်း၊ သရုပ်ဆောင်အလုပ်အပြင် တစ်ကိုယ်တော်တေးစီးရီးစီစဉ်နေတဲ့ စိုးပြည့်သဇင်၊ ၂၀၀၇ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရင်ခုန်စွာစောင့်မျှော်နေကြ စသည့် အနုပညာသတင်းများ၊ နိုင်ငံတကာ အားကစားသတင်းများ၊ အရှေ့ကိုလျှောက်ပါလို့ ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ မြန်မာဗီဒီယိုဇာတ်လမ်းများ၊ သတင်းအတိုအထွာများကို သုတရသစုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ကျပ် ၂၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ်၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁-၁-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄:၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၁၀ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၂။ ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးလူဆာ** (အပိုင်း-၉)
၆:၄၅ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၇)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ အနုပညာရှင်၏ တစ်နေ့တာ
၁၉။ ကုန်သွယ်သုတ
၂၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး** (အပိုင်း-၂၂)

မြန်မာ့ရုပ်မြင်သံကြား

၁-၁-၂၀၀၉ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာစေဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၅။ အကပဒေသာ
၈:၁၅ ၆။ အဆိုပြိုင်ပွဲ
၈:၂၅ ၇။ **ကောင်းခြင်းဝေဖြာ** ထွန်းထွန်းနိုင်၊ ရန်ပိုင်စိုး၊ ပိုင်ဇေရဲထွန်း၊ မင်းသူ၊ မြင့်မြင့်ခိုင်၊ ခင်မို့မို့အေး၊ ချစ်စနိုးဦး ဒါရိုက်တာ-အောင်မိုး (ပဲရစ်)
၈:၄၀ ၈။ International News
၈:၅၀ ၉။ ရုပ်မြင်ရသတေးစုကဏ္ဍ
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၂၅ ၃။ နားဝင်ပီယံသူ့လက်သံ
၄:၄၀ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅:၁၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၅ ၇။ မြန်မာ့ရိုးရာဓလေ့ ကျေးလက်တေးသံများ **စာကလေး** (ဆင်တပ်မင်္ဂလာ ဗျောသွန်)
၅:၂၀ ၈။ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၅:၃၅ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇:၁၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မှုန်တိုင်း** (အပိုင်း-၃၉)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ အချုပ်အခြာအာဏာ ဖွန့်ရှည်ကြာခိုင်မာစေမှုဒို့ရေးရူ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၅၉)
၁၉။ အစီအစဉ်ပြီး၏။

မုံရွာခရိုင်တွင် စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ စီမံကြီးကြပ်မှုဖြင့် မုံရွာခရိုင်တွင် စာပေဟောပြောပွဲများကျင်းပခဲ့ရာ ဒီဇင်ဘာ ၂၀ရက် ည ၇ နာရီက ချောင်းဦးမြို့ အမှတ်(၂)အထကတွင်လည်းကောင်း၊ ယင်းမာပင် မြို့တော်ခန်းမတွင် ၂၁ရက် မွန်းတည့် ၁၂နာရီကလည်းကောင်း၊ ပုလဲမြို့ မြို့လယ်ဓမ္မာရုံတွင် ၂၁ရက် ည၇နာရီကလည်းကောင်း အသီးသီးကျင်းပခဲ့ရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် စာရေးဆရာ မြင်းမူမောင်နိုင်မိုး၊ စာရေးဆရာမြတ်ခိုင်၊ စာရေးဆရာမ မစန္ဒာတို့က စာပေရေးရာများကို ဟောပြောကြသည်။ အဆိုပါ စာပေဟောပြောပွဲများသို့ သက်ဆိုင်ရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများနှင့် စာပေဝါသနာရှင်များ တက်ရောက်နားထောင်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ဘာသာရပ်ဆိုင်ရာဟောပြောဆွေးနွေးပွဲများကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်က လစဉ်ဘာသာရပ်ဆိုင်ရာဟောပြောပွဲ၊ ဆွေးနွေးပွဲများကို ကျင်းပလျက်ရှိရာ ဇန်နဝါရီ ၃ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower မင်္ဂလာခန်းမ၌ Fortune International Co., Ltd. ၏ ပံ့ပိုးကူညီမှုဖြင့် ဟောပြောဆွေးနွေးပွဲများကို ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၂၁၄၃၄၄သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၁၃ရပ်ကွက် သစ်တော၂လမ်း အမှတ်(၁၁၀၇/၁၁၀၈)နေ ဦးစိုင်းမင်းမင်းမွေး (အုပ်ချုပ်မှုဒါရိုက်တာ လျှမ်းထက်ခိုင် ကျောက်မျက်ကုမ္ပဏီလီမိတက်)-ဒေါ်နွယ်နွယ်ဝေမိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေ ကျပ်ငါးသိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ(ကိုယ်စား) အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် လက်ထောက်အုပ်ချုပ်ရေးမှူး ဦးသီဟဇော်တို့ လက်ခံယူစဉ်။ (မြန်မာ့အလင်း)

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ ဆဌမအကြိမ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ၁၁ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်း ဗဟန်းအားကစားကွင်းဝင်းအတွင်းရှိ M-3 Food Centre (Diamond Hall) ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ရောက် ကြံခင်းသူ ကြံခင်းသားများနှင့် အသင်းဝင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေးသို့ နံနက် ၈နာရီခွဲအရောက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။

၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးသုံးဘာသာနှင့်အထက်ရရှိကြသည့် အသင်းဝင်များ၏ သားသမီးများ အမည်စာရင်းကို ဇန်နဝါရီ ၇ရက်နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း) ဖုန်း-၀၁-၆၃၆၇၈၀၊ အတွင်းရေးမှူး ဦးစိန်ငွေ ဖုန်း-၀၁-၆၆၃၄၈၉၊ ဘဏ္ဍာရေးမှူး ဒေါ်တင်တင်ထွေး ဖုန်း-၀၁-၅၄၁၀၆၅၊ အလုပ်အမှုဆောင် ဒေါ်အေးအေးညွန့် ဖုန်း-၀၁-၆၅၁၂၄၇ နှင့် အလုပ်အမှုဆောင် ဒေါက်တာကျော်စိုးလင်း ဖုန်း-၀၉-၅၁-၉၅၈၃၅ တို့သို့ ဆက်သွယ်အကြောင်းကြားပေးပို့ရမည်ဟု သိရသည်။

(မြန်မာ့အလင်း)

✻ ရှေ့ဖုံးမှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများလိုက်ပါလျက် မွန်းလွဲ၁နာရီတွင် ပုသိမ်မြို့၏စည်ပင်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ သန့်ရှင်းသပ်ရပ်သာယာမှုအခြေအနေ၊ ဝေန်မြစ်ကူး ပုသိမ်တံတား ပတ်ဝန်းကျင်အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

ကြိုဆို

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှ ဟင်္သာတမြို့နယ် ဟင်္သာတ-မြို့ကွင်း-ကွင်းကောက်လမ်းပေါ်ရှိ ငဝန်တံတား (မြို့ကွင်း) တည်ဆောက်ရေးစီမံကိန်းသို့ မွန်းလွဲ ၂နာရီခွဲတွင် ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးအား စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ငဝန်တံတား (မြို့ကွင်း) တည်ဆောက်ရခြင်း နောက်ခံအခြေအနေ၊ တံတားအမျိုးအစား၊ တံတားအရှည်နှင့် တည်ဆောက်ပြီးစီးနေသည့်အပိုင်းနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

လမ်းညွှန်မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးက လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အဆိုပါ ငဝန်တံတား(မြို့ကွင်း)သည် ဟင်္သာတမြို့နယ် ဟင်္သာတ-မြို့ကွင်း-ကွင်းကောက်လမ်းပေါ်တွင် တည်ရှိကာ ပင်မတံတားမှာ သံပေါင်တံတားနှင့် ကြိုတင်အားဖြည့် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ချဉ်းကပ်တံတားမှာ သံကူကွန်ကရစ်တံတား ဖြစ်သည်။

ခွင့်ပြုမောင်းနှင်

ပင်မတံတားကြီးအရှည်မှာ ၁၀၃၅ပေရှိပြီး ကမ်းနှစ်ဖက်မှ ချဉ်းကပ်တံတားနှစ်စင်းမှာ ပေ၁၈၀၀ ရှိသဖြင့် စုစုပေါင်းအရှည် ၂၈၃၅ပေရှိသည်။ ယာဉ်သွားလမ်းအကျယ် ၂၈ပေရှိပြီး တစ်ဖက်လျှင် လူသွားလမ်းအကျယ် သုံးပေစီ ထည့်သွင်းထားသည်။ ယာဉ်တစ်စီးချင်း အလေးချိန် တန်၆၀အထိ ခွင့်ပြုမောင်းနှင်နိုင်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ဧရာဝတီတိုင်း ဟင်္သာတခရိုင် ဇလွန်မြို့သို့ ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မြင့်မောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဇလွန်မြို့ရှိ မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုစဉ်။
(သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသည် ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားသို့ ရောက်ရှိရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ကပ်လှူဖူးမြော်ကြည်ညိုကြသည်။

လက်မှတ်ရေးထိုး

ယင်းနောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသည် ဘုရားအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဇလွန်မြို့မှ ထွက်ခွာလာရာ ညနေ ၄နာရီ မိနစ်၄၀တွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ငဝန်တံတား(မြို့ကွင်း)သည် ဟင်္သာတမြို့နယ် ဟင်္သာတ-မြို့ကွင်း-ကွင်းကောက်လမ်းပေါ်တွင် တည်ရှိကာ ပင်မတံတားမှာ သံပေါင်တံတားနှင့် ကြိုတင်အားဖြည့် သံကူကွန်ကရစ်အမျိုးအစား ဖြစ်ပြီး ချဉ်းကပ်တံတားမှာ သံကူကွန်ကရစ်တံတားဖြစ်၊ ပင်မတံတားကြီးအရှည်မှာ ၁၀၃၅ပေရှိပြီး ကမ်းနှစ်ဖက်မှ ချဉ်းကပ်တံတားနှစ်စင်းမှာ ပေ၁၈၀၀ ရှိသဖြင့် စုစုပေါင်းအရှည် ၂၈၃၅ပေရှိ၊ ယာဉ်သွားလမ်းအကျယ် ၂၈ပေရှိပြီး တစ်ဖက်လျှင် လူသွားလမ်းအကျယ် သုံးပေစီ ထည့်သွင်းထား၊ ယာဉ်တစ်စီးချင်း အလေးချိန် တန်၆၀အထိ ခွင့်ပြုမောင်းနှင်နိုင်။

သိုင်းပညာစဉ်ပြပွဲနှင့် ဗန်တို(အထူး)စိန်ခေါ်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၏ ဒုတိယအကြိမ် သိုင်းပညာစဉ်ပြပွဲနှင့် တတိယအကြိမ် ဗန်တို(အတိုက်)ပြိုင်ပွဲ၊ ဗန်တို(အထူး) စိန်ခေါ်ပွဲကို ဇန်နဝါရီ၁၇ရက်နှင့် ၁၈ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းများမှ သိုင်းပညာရှင်များ၊ အားကစားသမားများသည် ဇန်နဝါရီ၁၂ရက် ညနေ၆နာရီအရောက် လူငယ်လေ့ကျင့်ရေးစခန်း သုဝဏ္ဏရှိ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ရုံးအဖွဲ့သို့လည်းကောင်း၊ အသစ်ပြသရန်ရှိသော သိုင်းပညာစဉ်များကို ဇန်နဝါရီ ၁၀ရက်အရောက် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် မြန်မာ့သိုင်းသင်တန်းကျောင်း ဖုန်း-၀၁-၅၈၀၇၁၂သို့ စာဖြင့်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း ဆက်သွယ်ပေးပို့ကြရမည်ဖြစ်သည်။ **(မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်)**

ငွေဆောင်ကမ်းခြေဒိုးယိမ်းပြိုင်ပွဲနှင့် အကာပဒေသာပွဲများ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

မြန်မာ့ခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက် ဇန်နဝါရီ၄ရက်(လွတ်လပ်ရေးနေ့)တွင် ငွေဆောင်ကမ်းခြေ ခရီးသွားလုပ်ငန်းမြှင့်တင်သည့်အနေဖြင့် ကမ်းခြေသို့လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားနှင့် ပြည်တွင်းခရီးသွားများအား ဖျော်ဖြေပွဲအဖြစ် ဒိုးယိမ်းပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပမည်ဖြစ်သည်။

ဖွင့်လှစ်ရောင်းချ

ပြိုင်ပွဲဝင်များအား ပထမဆုငွေကျပ် တစ်သိန်းငါးသောင်း၊ ဒုတိယဆု ငွေကျပ် တစ်သိန်း၊ တတိယဆု ငွေကျပ်ငါးသောင်းနှင့် နှစ်သိမ့်ဆုများကို ပေးအပ်မည်ဖြစ်သည်။ ထို့အပြင် ဆင်အက၊ ကျားအက၊ ဇော်ဂျီအကနှင့် အကာပဒေသာများပါဝင်ပြီး ကမ်းခြေဟိုတယ်များမှ စုပေါင်း၍ စားသောက်ဆိုင်များဖြင့် စည်ကားစွာဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်းတွင် ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသောကားကို ဒီဇင်ဘာ ၃၀ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တပ်ဖွဲ့ဝင်များ ၂၀၀၉ ခု နှစ်လယ်အထိ ဆက်ချထားရေး ဗြိတိန်၊ ဩစတြေးလျနှင့်အီရတ်တို့ သဘောတူလက်မှတ်ရေးထိုး

ဘဂ္ဂဒက် ဒီဇင်ဘာ ၃၁

အီရတ်မှပြည်ပတပ်ဖွဲ့များ အပြီးသတ်ရုပ်သိမ်းရန် ကမ္ဘာ့ကုလသမဂ္ဂက သတ်မှတ်ထားသည့် ဇန်နဝါရီ ၁ ရက် နောက်ပိုင်းအထိ ဗြိတိသျှနှင့် ဩစတြေးလျတပ်ဖွဲ့ဝင်များ ဆက်လက်နေထိုင်နိုင်ရန် ယင်းနှစ်နိုင်ငံနှင့် အီရတ်တို့ သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း အီရတ်အစိုးရက သတင်းထုတ်ပြန်သည်။

ယင်းသဘောတူညီချက်အရ ဗြိတိသျှနှင့် ဩစတြေးလျတပ်ဖွဲ့ဝင်များသည် ၂၀၀၉ ခုနှစ် ဇူလိုင်လတိုင်အောင် အီရတ်တွင် ဆက်လက်နေထိုင်ခွင့်ရသည်။

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင် ၄၁၀၀ချထားပြီး ဩစတြေးလျတပ်ဖွဲ့ဝင် ၁၀၀၀အားလည်း ယင်းတောင်ပိုင်း၌ပင် ချထားသည်။

လက်မှတ်ရေးထိုး

၂၀၀၃ခုနှစ်က အီရတ်နိုင်ငံသို့ ဦးဆောင်ကျူးကျော်ဝင်ရောက်ခဲ့သည့် အမေရိကန်နိုင်ငံသည် ယခုနှစ်စောစောပိုင်းမှ ၂၀၁၁ခု နှစ်ကုန်အထိ အမေရိကန်တပ်ဖွဲ့ဝင် ၁၄၀၀၀ကို ဆက်လက် တပ်ချထားရန် အီရတ်နှင့် သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

အင်အားဖြည့်

အမေရိကန်၊ ဗြိတိန်နှင့် ဩစတြေးလျနိုင်ငံများ၏ တပ်ဖွဲ့ဝင်များအပြင် အီရတ်ရှိ ဘက်စုံတပ်ဖွဲ့ဝင်များအား အင်အားဖြည့်တင်းရန် တပ်ဖွဲ့ဝင်များဆက်ထားခွင့်ရရှိသော နိုင်ငံအချို့မှာ အယ်လ်ဆာဗေဒို၊ အက်စတိုးနီးယားနှင့် ရိုမေးနီးယားတို့ ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အီရတ်ကို ကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ခဲ့မှု ပြည်သူစုစုပေါင်း ၉၈၀၀၀ ကျော် သေဆုံးခဲ့ရ

ဘဂ္ဂဒက် ဒီဇင်ဘာ ၃၁

အီရတ်နိုင်ငံကို အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်ခဲ့သည့် ၂၀၀၃ခုနှစ် မတ်လမှ စတင်က ၂၀၀၈ ခုနှစ် ဒီဇင်ဘာလကုန်အထိ အီရတ်ပြည်သူစုစုပေါင်း ၉၈၀၀၀ခန့် သေဆုံးခဲ့ကြရသည်ဟု အီရတ်စစ်ပွဲနှင့် ပတ်သက်သော သုတေသနပြုလုပ်သည့် သုတေသနအဖွဲ့တစ်ဖွဲ့၏ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

သေဆုံး

၂၀၀၈ခုနှစ်၏ တစ်နှစ်တာကာလ အတွင်း အီရတ်ပြည်သူ တစ်နေ့လျှင် ၂၅ဦး ခန့် ပျမ်းမျှသေဆုံးခဲ့ရသည်ဟု ၄င်းအစီရင်ခံစာ၌ဖော်ပြထားသည့် ၂၀၀၈ခုနှစ် တစ်နှစ်လုံးအနေဖြင့် အီရတ်ပြည်သူ ၈၃၀၀ ခန့်နှင့် ၉၀၀၀အကြား သေဆုံးခဲ့ကြရသည်ဟု ဆိုသည်။

တူညီမှုရှိ

ထို့အတူ ၂၀၀၆-၂၀၀၇ ခုနှစ် အတွင်း၌ အီရတ်ပြည်သူ ၄၈၀၀၀ခန့် သေဆုံးခဲ့ရကြောင်း၊ အဆိုပါသေဆုံးသူဦးရေမှာ အီရတ်ကို အမေရိကန်တို့ စတင်ကျူးကျော်ခဲ့သည့် ၂၀၀၃ခုနှစ်နှင့် ၂၀၀၄ခုနှစ်များ အတွင်း သေဆုံးသူဦးရေနှင့် တူညီမှုရှိကြောင်း သိရသည်။

အီရတ်နိုင်ငံတွင် ဗုံးခွဲတိုက်ခိုက်မှုများ ရှိနေဆဲဖြစ်သဖြင့် သေဆုံးသည့်အီရတ်ပြည်သူဦးရေမှာ ပိုမိုများပြားလာမည်သာ ဖြစ်ကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်၌ ကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များလက်ချက် ၂၀၀၈ခုနှစ်အတွင်း ပြည်သူ ၅၀၀၀ကျော် သေဆုံးခဲ့ရ

ကဘူးလ် ဒီဇင်ဘာ ၃၁

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် ဒီဇင်ဘာ ၃၀ရက် နံနက်က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ကလေးငယ်တစ်ဦးသေဆုံးပြီး ၂၁ဦး ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒဏ်ရာရရှိ

ဖြစ်ပွားမှုမှာ ဆိုင်ဖူလာမြို့တွင် ဒီဇင်ဘာ ၃၀ရက် ဒေသစံတော်ချိန် နံနက် ၁၁နာရီက လမ်းဘေးဗုံး ပေါက်ကွဲခဲ့ခြင်းကြောင့် နှစ်နှစ်အရွယ် ကလေးငယ် တစ်ဦးသေဆုံးပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် အခြားသူများ ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

ထိုနေ့မှာပင် ပါဝန်ပြည်နယ် ချာရီကာမြို့တွင် နံနက် ၉နာရီခန့်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ အရပ်သားနှစ်ဦးသေဆုံးပြီး ၁၇ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

တစ်နှစ်တာ

အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုကြောင့် ၂၀၀၈ခုနှစ် တစ်နှစ်တာကာလအတွင်း အာဖဂန်နစ္စတန် ပြည်သူ ၅၀၀၀ခန့် သေဆုံးခဲ့ရကြောင်း အာဖဂန်နစ္စတန် ရဲတပ်ဖွဲ့က ပြောကြားသည်။ (အင်တာနက်)

ကားဗုံးခွဲ တိုက်ခိုက်မှု

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့အရှေ့ဘက် ခို့ထ်ပြည်နယ်တွင် ကားဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဒီဇင်ဘာ ၂၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

စင်ကာပူပညာရေးကဏ္ဍအတွက် ၂၀၀၉ခုနှစ်အတွင်း ဆရာ၊ဆရာမ ၇၅၀၀ အလုပ်ခန့်အပ်မည်

စင်ကာပူ ဒီဇင်ဘာ ၃၁

စင်ကာပူနိုင်ငံတွင် လာမည့်နှစ်အတွင်း ကျောင်းဆရာနှင့် သင်ကြားမှုအထောက်အကူပြု လုပ်ငန်းများတွင် လူ ၇၅၀၀ ခန့် အလုပ်ပေးနိုင်မည်ဖြစ်ကြောင်း စင်ကာပူပညာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၃၀ရက်၌ ကြေညာသည်။

အဆင့်မြင့်ပညာရေး

၂၀၀၉ခုနှစ်အတွင်း စာသင်ကျောင်းများနှင့် ကျောင်းဆရာ ၃၅၀၀ကျော် ခန့်မည်ဖြစ်ပြီး အဆင့်မြင့်ပညာရေးနှင့် သူငယ်တန်းကဏ္ဍ စီမံကိန်းတို့တွင် လူ ၄၀၀၀ခန့် အသစ်ခန့်မည် ဖြစ်သည်။ လောလောဆယ်တွင် စင်ကာပူနိုင်ငံ၌ ကျောင်းဆရာ ဆရာမပေါင်း ၂၉၄၀၀ရှိသည်။

ကူညီပံ့ပိုး

ရေတိုအခက်အခဲများကို ကျော်လွှားနိုင်အောင် မိမိတို့က ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ အကျပ်အတည်းမှာ တစ်ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ခုဖြစ်သော်လည်း ယင်းကြောင့် မိမိတို့၏ အနာဂတ်ကောင်းစားရေး ပြင်ဆင်မှုများကို လက်လွှတ်ဆုံးရှုံးခံမည်မဟုတ်ကြောင်း ပညာရေးဝန်ကြီး နက်အင်ဟင်က ပြောကြားသည်။

(အမ်အင်န်အေ၊ဆင်ဟွာ)

နိုင်ငံတကာ သတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

အင်တာနက်ကျန်းမာရေး

အိပ်ရေးပျက်သူများ ပါကင်ဆန်နှင့်အယ်လ်ဇိုင်းမားရောဂါ ရရှိနိုင်ဟုဆို

အိပ်ရေးပျက်သူများသည် စိတ်ကစဉ့်ကလျားရောဂါ (အယ်လ်ဇိုင်းမား)နှင့် ပါကင်ဆန်ရောဂါများရရှိရန် အခွင့်အလမ်းများကြောင်း အမေရိကန်နိုင်ငံမှ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ သုတေသနဂျာနယ်တစ်စောင်၌ ဖော်ပြထားသည်။

ထိခိုက် နာကျင်

အိပ်ရေးပျက်လေ့ပျက်ထရှိသူများအနေဖြင့် ခန္ဓာကိုယ်နှင့် ဦးနှောက်အတွင်းရှိ ကြွက်သားများ သန်မာမှုပုံမှန်ထက် အားနည်းသွားတတ်ကြကြောင်း၊ အိပ်ရေးပျက်ခြင်းသည် ဦးနှောက်ကြွက်သားများကို ထိခိုက် နာကျင်မှုဖြစ်စေကြောင်း သုတေသနပြုချက်၌ ဖော်ပြထားသည်။

ဖြစ်ပွားနိုင်

အိပ်ရေးပျက်သော ၉၃ဦးအားစစ်ဆေးကြည့်ရာ ဦးနှောက်အတွင်း အကျိတ်ဖြစ်ပွားမှု သို့မဟုတ် ဦးနှောက်ကင်ဆာဖြစ်မှုမျိုး မတွေ့ရှိရသော်လည်း ခြေတုန်လက်တုန်ဖြစ်မှုနှင့် စိတ်ကစဉ့်ကလျားရောဂါများ ဖြစ်ပွားနိုင်ကြောင်း သိရသည်။

အိပ်ရေးပျက်သူ ၉၃ဦးကို သုတေသနပြုခဲ့ရာတွင် ဦးနှောက်ပိုင်းဆိုင်ရာ ချို့ယွင်းမှုဖြစ်သူ ၂၆ဦး၊ ပါကင်ဆန်ရောဂါဖြစ်ပွားသူ ၄၀၊ စိတ်ကစဉ့်ကလျားဖြစ်သူ ၁၁ဦး၊ သွေးတိုးရောဂါဖြစ်ပွားသူနှင့် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းသူခြောက်ဦး အသီးသီးရှိကြောင်း တွေ့ရသည်ဟု ဆက်လက်ဖော်ပြထားသည်။ ငါးနှစ်ခန့် အိပ်ရေးပျက်သူများအနေဖြင့် ၁၈ရာခိုင်နှုန်း၊ ၁၀နှစ် အိပ်ရေးပျက်သူများအနေဖြင့် ၄၁ရာခိုင်နှုန်းနှင့် ၁၂နှစ် အိပ်ရေးပျက်သူများအနေဖြင့် ၅၂ ရာခိုင်နှုန်း ပါကင်ဆန်နှင့် စိတ်ကစဉ့်ကလျားရောဂါ ရရှိနိုင်ကြောင်း သိရသည်။

ဩော် ရှေ့နေ....

ဘဝအမောပြေ

လန်ဒန်မြို့၌ လူနှစ်ဦးက မော်တော်ယာဉ်တစ်စီးကို သူပိုင်သည် ငါပိုင်သည်ဟုဆိုကာ ရှေ့နေတစ်ဦးထံတွင် အဆုံးအဖြတ်ခံယူရန် ရောက်လာသည်။

ရှေ့နေ ။ ။ ဘယ်လိုဖြစ်ကြတာလဲ။ ပြောပါဦး။

ပထမလူ ။ ။ ဒီကားက ကျွန်တော့်ကားပါ။ အင်ဂျင်အသစ်လဲထားတာ ရက်ပိုင်းပဲရှိသေးတယ်။ အဲဒါ ဒီလူက သူ့ကားလို့ ပြောနေတယ်။

ရှေ့နေ ။ ။ ဟုတ်လား.... ကဲခင်ဗျားကား ဟုတ်ရဲ့လား။

ဒုတိယလူ ။ ။ ကျွန်တော့်ကားပါဗျာ.... ဓာတ်ဆီဆိုင်မှာ ဆီအပြည့်ထည့်ပြီး ရပ်ထားတဲ့ကားပါ.... မယုံရင် ဆီတိုင်ကီ ကြည့်လိုက်ပါ....ဆီအပြည့်ရှိနေပါတယ်။

ရှေ့နေ ။ ။ ကဲ ဒါဆိုရင်.... ဒီလိုလုပ်ပါ....ကျွန်တော် မန်ချက်စတာမြို့ကိုသွားပြီး အမှုလိုက်စရာရှိတယ်.... ဒီကားကို မောင်းသွားမယ်.... ခင်ဗျားတို့ပြောသလို ဟုတ်မဟုတ် သိရအောင်လို့ပါ။

နှစ်ဦးစလုံး ။ ။ ရပါတယ်....

ထို့နောက် ကားမောင်းသွားလေသည်။ အမှုလိုက်ပြီး နောက်တစ်နေ့ ပြန်ရောက်လာခဲ့သည်။

ရှေ့နေ ။ ။ ခင်ဗျားတို့ပြောသလို အင်ဂျင်လည်းကောင်းတယ်၊ ဓာတ်ဆီလည်း အပြည့်ရှိတာ မှန်တယ်။ ဒါကြောင့် ကျွန်တော် တရားသူကြီးဆီ တင်ပေးမယ်....

နှစ်ဦးစလုံး ။ ။ 'ဗျာ'

မြေသားဖို့လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက် စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေး စနစ်တကျကြပ်မတ်

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးစီမံကိန်းလုပ်ငန်းများ ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် ဒီဇင်ဘာ ၃၁

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၉ရက် ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လေကြောင်းပညာသိပ္ပံကျောင်းဇည့်ခန်းမသို့ ရောက်ရှိရာ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က လေကြောင်းပညာသိပ္ပံကျောင်း ဖြစ်ပေါ်လာပုံနောက်ခံသမိုင်းနှင့် ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိသည့် မြို့ပြလေကြောင်းဆိုင်ရာသင်တန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ လေကြောင်းပညာသိပ္ပံကျောင်း ကျောင်းအုပ်ကြီး ဦးခင်မောင်ဦးက လေကြောင်းပညာသိပ္ပံကျောင်းတွင် နှစ်စဉ်ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိသည့် သင်တန်းများ၊ သင်ကြားပို့ချပေးလျက်ရှိသည့် နည်းပြများ၊ သင်တန်းအလိုက်တက်ရောက်ခဲ့သည့် သင်တန်းသားဦးရေ၊ လေကြောင်းပညာသိပ္ပံကျောင်း အဆင့်မြှင့်တင်ဆောင်ရွက်ရေး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

စနစ်တကျဆောင်ရွက်

ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက သင်ကြားပေးမည့် ဆရာ ဆရာမများ အရည်အချင်းပြည့်မီစေရေးနှင့် နိုင်ငံတကာအဆင့်မီ သင်တန်းဖြစ်အောင် ဖွင့်လှစ်မည့် သင်တန်းများအတွက် စီမံချက်ရေးဆွဲပြီး စနစ်တကျဆောင်ရွက်သွားရေးတို့ကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး စာသင်ဆောင်များနှင့် စာသင်ခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးစီမံကိန်းရုံးသို့ရောက်ရှိရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လေယာဉ်ကွင်းအထူးစီမံကိန်းအဖွဲ့ ဒုတိယအင်ဂျင်နီယာချုပ် ဦးကျော်လှိုင်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုးချဲ့ လေယာဉ်ပြေးလမ်းအပိုင်းတွင် မြေသားလုပ်ငန်းဆောင်ရွက်နေမှု၊ မိုးရာသီ ရေတိုက်စားခဲ့သည့် မြေသားနေရာများတွင် အစားထိုးပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးက မြေသားဖို့လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေး စနစ်တကျကြပ်မတ်ဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုးချဲ့

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တိုးချဲ့ရေး စီမံကိန်းလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

ရှင်းလင်းပြောကြား

Mobilemate Telecommunications Co., Ltd.၏ AXESS-TEL များ ဈေးကွက်အတွင်း စတင်မိတ်ဆက်သည့် အခမ်းအနားတွင် Mobilemate Telecommunications Co., Ltd. General Manager ဦးခွန်ဖြိုးသူအောင် ရှင်းလင်းပြောကြား စဉ်။

(သတင်းစဉ်)

ဈေးကွက်မိတ်ဆက်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

Mobilemate Telecommunications Co.,Ltd. ၏ AXESSTEL Product များ ဈေးကွက်အတွင်း စတင်မိတ်ဆက်သော အခမ်းအနားကို ဒီဇင်ဘာ ၂၃ရက် မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ Park Royal Hotel Ball room(1)၌ကျင်းပသည်။ ရှေးဦးစွာ General Manager ဦးခွန်ဖြိုးသူအောင်က ကုမ္ပဏီ၏ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအကြောင်းကို လည်းကောင်း၊ Business Development Director ဦးသက်ဝေအောင်က CDMA 450 MHz ဖုန်းများ အကြောင်းကို လည်းကောင်း၊ Operation Director ဦးကောင်းဆက်က Function စုံလင်စွာသုံးစွဲနိုင်၍ လိုင်းဆွဲအား အထူးကောင်းမွန်သော AXESS- TEL CDMA 450 MHz Fixed Wireless Phone (PX 310 RF) အကြောင်းကိုလည်းကောင်း၊ AXESSTEL Corporation မှ အာရှပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Mr. Tham Kwok Whye က AXESS-TEL Productများ အကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

စိတ်ကျေနပ်စေမည်

ယခုစတင် ဖြန့်ချိရောင်းချမည့် AXESSTEL အမှတ်တံဆိပ် PX310 CDMA 450 MHz ဖုန်းများသည် CDMA 450 MHz ကွန်ရက်အတွင်းရှိ မြို့များအားလုံးတွင် သုံးစွဲနိုင်ကြောင်း Voice, SMS, Data, e-mail, FM Radio, Security Alarm နှင့် Speed Dialing System အစရှိသည့် Features မျိုးစုံပါဝင်ပြီး ဘက်ထရီသက်တမ်းကြာမြင့်စွာ သုံးစွဲနိုင်သဖြင့် အသုံးပြုသူများကို အထူးစိတ်ကျေနပ်စေမည်ဖြစ်ကြောင်း သိရသည်။

ရောင်းချပေးမည်

AXESSTEL ကုန်ပစ္စည်းများ စတင်ဖြန့်ချိခြင်း အထိမ်းအမှတ် အဖြစ် ဒီဇင်ဘာ၂၇ ရက်မှ ၃၁ရက်အထိ Capital Hyper Market (Promotion Area) တွင် Special Promotion အစီအစဉ်များဖြင့် နေ့စဉ်နံနက်၁၀နာရီမှ ည၉နာရီအထိ ရောင်းချပေးသွားမည်ဖြစ်သည်။ ထို့ပြင် အမှတ်၂၉၀/က ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့တွင်ရှိသော Mobilemate Telecommunications Co.,Ltd. (Branch Office) တွင်လည်းကောင်း၊ အမှတ်၃၃၀ အလုံလမ်း Yangon International Hotel ဝင်းအတွင်းရှိ Nokia Store တွင်လည်းကောင်း၊ ရန်ကုန်မြို့ Capital Hyper Market အခန်းအမှတ် ၂၁၀/ခရှိ Mobile Corner ဆိုင်တွင်လည်းကောင်း၊ အနယ်နယ်အရပ်ရပ်ရှိ Dealer ဆိုင်ကြီးများတွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Mobilemate Telecommunications Co.,Ltd.မှ တင်သွင်းသည့် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်မားသော AXESSTEL CDMA 450 MHz Fixed Wireless Phone များကို အရောင်းကိုယ်စားလှယ်ရယူ၍ ဖြန့်ဖြူးရောင်းချလိုသည့် အမြို့မြို့အနယ်နယ်မှ စီးပွားရေးလုပ်ငန်းရှင်များ၊ ယင်းဖုန်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသူများ သည် Mobilemate Telecommunications Co.,Ltd.(BranchOffice)အမှတ်၂၉၀/က ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၆၉၈၉နှင့် ၀၁-၅၃၇၂၈၃တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

ချင်းပြည်နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက်

စာအုပ်စာစောင်၊ ငွေပဒေသာပင်နှင့် မီဒီယာပစ္စည်းများ လှူဒါန်း

ဟားခါး ဒီဇင်ဘာ ၃၁

ချင်းပြည်နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အဆောက်အအုံ၊ စာအုပ်စာစောင်၊ ငွေပဒေသာပင်နှင့် မီဒီယာပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ရက် နံနက် ၉နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်အောင်ညွန့်က စေတနာရှင်များ၊ ဒေသခံပြည်သူများ လှူဒါန်းသော ကက်ဆက်တစ်လုံး၊ စာအုပ်စာစောင်၊ ငွေပဒေသာပင်နှင့် မီဒီယာပစ္စည်းများ ရရှိမှုအခြေအနေနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခိုင်မာရှင်သန်ဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ငွေကျပ်ငါးသိန်း၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီမှ ငွေကျပ်နှစ်သောင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့မှ ငွေကျပ်နှစ်သောင်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ငွေကျပ် ၄၀၅၀၀၀ကို ရန်ကုန်မြို့ရှိ တူဒေးစာအုပ်တိုက်၊ သုတစွယ်စုံစာအုပ်တိုက်၊ ဖော်စာပေ၊ ကောင်းသန့်စာပေ၊ ကလျာ(ဝိဇ္ဇာ၊ သိပ္ပံ)စာပေတို့က လှူဒါန်းသော စာအုပ်စာစောင် ၃၂၅၁အုပ်၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့်ဇနီး ဒေါ်ဝါဝါ၊ ပြည်နယ်အတွင်းရေးမှူး ဦးတင်မြင့်နှင့်ဇနီး ဒေါ်ရွှယ်ဂျာ၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်တိုးနှင့်ဇနီး ဒေါ်စန်းစန်းလှမိသားစုတို့က ငွေကျပ်သုံးသောင်းစီနှင့် တန်ဖိုးငွေကျပ် ၁၂၅၀၀၀ ရှိ စာအုပ်စာစောင် ၇၅၀၊ ဖလမ်းခရိုင်အတွင်းရှိ စေတနာရှင်ပြည်သူများ၊ ဒေသအာဏာပိုင်များက ဆောက်လုပ်လှူဒါန်းသော အဆောက်အအုံ ရှစ်လုံး၊ ပရိဘောဂ၊ စာအုပ်စာစောင်၊ ငွေပဒေသာပင်စိုက်ထူမှုနှင့် မီဒီယာပစ္စည်း၊ မင်းတပ်ခရိုင်အတွင်း စေတနာရှင်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက လှူဒါန်းသော တန်ဖိုးငွေကျပ် ၃၅၇၇၄၀၀ ရှိ အဆောက်အအုံ၊ စာအုပ်စာစောင်၊ ငွေပဒေသာပင်နှင့် မီဒီယာပစ္စည်းများ ပေးအပ်လှူဒါန်းရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဟုန်းငိုင်းနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

အဆိုပါ လှူဒါန်းပွဲတွင် ငွေပဒေသာပင် ငွေကျပ် ၁၄၀၈၀၀၀၊ စာအုပ်စာစောင် တန်ဖိုးငွေကျပ် ၁၆၀၀၂၅၃၀၊ မီဒီယာပစ္စည်း တန်ဖိုးငွေကျပ် ၅၄၈၀၆၅၀၊ အဆောက်အအုံ ၁၀လုံး တန်ဖိုးငွေကျပ် ၁၅၃၅၀၀၀၀နှင့် ပရိဘောဂပစ္စည်း ၂၂၂ခု တန်ဖိုးငွေကျပ် ၂၂၄၀၀၀ စုစုပေါင်းတန်ဖိုးငွေ ၄၁၃၅၅၁၈၅ ကျပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်ပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၃၁

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ဒီဇင်ဘာ ၂၂ရက် မွန်းတည့် ၁၂ နာရီက ကြည့်မြင်တိုင်မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)မှ တွဲဖက်အတွင်းရေးမှူး(၁)ဦးသန်းလှိုင်(တက္ကသိုလ်သခ်)၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမြတ်စိုးတို့က အမှာစကား ပြောကြားသည်။

ဟောပြော

ထို့နောက် စာပေဟောပြောပွဲကိုကျင်းပရာ ကြည့်မြင်တိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်း စည်းရုံးရေးကော်မတီမှ ဒေါ်ခင်စိုး(တက္ကသိုလ်ခင်စိုးဦး)နှင့် ဒေါ်စိုးသူ(စိုးသူပညာရေး)တို့က စာပေရေးရာများကို ဟောပြောကြသည်။

ဆုချီးမြှင့်

ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲကို ကျင်းပရာ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူငါးဦး ဝင်ရောက်ယှဉ်ပြိုင်သည့်အနက် အထက (၃)

နဝမတန်းမှ မခင်မမစိုးက ပထမ၊ အထက(၂)နဝမတန်းမှ မောင်မြန်ကျော်ဦးက ဒုတိယ၊ အထက(၄) နဝမတန်းမှ မောင်ရဲထက်အောင်က တတိယရရှိကြရာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ကျူးဘားနိုင်ငံခြားရေးဝန်ကြီးထံသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်မြောက်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဖိလစ်ပိရပ်ရှ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကရဝိက်ဥယျာဉ်ကမ္ဘာ ဒုတိယအကြိမ်စာအုပ်ဈေးရောင်းပွဲခင်းကျင်း

ရန်ကုန် ဒီဇင်ဘာ ၃၁

စာပေလေ့လာလိုက်စားသူများအတွက် စာအုပ် အမျိုးအစားပေါင်း စုံလင်စွာကို ခင်းကျင်းပြသရောင်းချနေသည့် ကရဝိက်ဥယျာဉ်ကမ္ဘာ၏ ဒုတိယအကြိမ်မြောက် စာအုပ်ဈေးရောင်းပွဲကို ရန်ကုန်မြို့ကရဝိက်ဥယျာဉ်ကမ္ဘာ၌ ဒီဇင်ဘာ ၃၀ရက်မှ ဇန်နဝါရီ ၄ရက်အထိ ခင်းကျင်းရောင်းချလျက်ရှိသည်။

၁၂၀ကျော်

စာအုပ်ဈေးရောင်းပွဲ၌ စာအုပ်စာပေများ ရောင်းချသည့် ဆိုင်ခန်းပေါင်း ၁၂၀ ကျော်ရှိပြီး စာပေတိုက်များနှင့် စာအုပ်ထုတ်လုပ်ရေး ၇၀တို့မှ စာအုပ်အမျိုးအစားပေါင်းများစွာကို ဈေးနှုန်းအထူးသက်သာစွာ ရောင်းချနေခြင်းဖြစ်သည်။

ကရဝိက်ဥယျာဉ်ကမ္ဘာရှိ မျှော်စင်ကျွန်းသို့ သွားရာပတ်လမ်းတစ်လျှောက်လမ်း ဘေးဝဲယာတွင် စာအုပ်အရောင်းဆိုင်များ ခင်းကျင်းပြသ ရောင်းချလျက်ရှိရာ အမြင်သစ်၊ ရောင်းရင်းစာပေ၊ အလင်းသစ်စာအုပ်ဆိုင်၊ ဇီဇဝါစာပေ၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ဖော်စာပေ၊ အောင်ဖော်စာပေ၊ ပုဂံစာအုပ်တိုက်၊ ပြန်ကြားရေးဝန်ကြီးဌာနက ပြသထားသည်ကို တွေ့ရသည်။ စာအုပ်ဈေးနှုန်းများကိုလည်း အထူးသက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေး လျက်ရှိသည်။

ထို့အတူ ဇီဇဝါစာပေစာအုပ်ဆိုင်တွင်လည်း အတတ်ပညာ၊ အဘိဓာန်မျိုးစုံ၊ ဂန္ထဝင်ဝတ္ထုများ၊ နိုင်ငံရေးအတ္ထုပ္ပတ္တိ စာအုပ်များ၊ ဂန္ထဝင်ဝတ္ထုတိုများ၊ ရှေးဟောင်းရှားပါးစာအုပ်များကို ၂၀ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ရောင်းချပေးနေသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တွင်လည်း လူမှုရေး၊ အသိပညာပေး၊ သိပ္ပံနှင့် နည်းပညာ၊ စက်မှု၊ အဘိဓာန်၊ သမိုင်းဆိုင်ရာနှင့် အခြားစာအုပ်ပေါင်း များစွာကို ဈေးနှုန်းချိုသာစွာရောင်းချပေးလျက်ရှိသည်။

ရောင်းချ

စာအုပ်ဈေးရောင်းပွဲကို ဒီဇင်ဘာ ၃၀ရက်မှ ဇန်နဝါရီ ၄ရက်အထိ နေ့စဉ်နံနက် ၁၀နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်ပြသ ရောင်းချလျက်ရှိသည်။ (မြန်မာ့အလင်း)

မလေးရှားနိုင်ငံဘုရင်ဟောင်းကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး

ရန်ကုန် ဒီဇင်ဘာ ၃၁

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူသည် ယနေ့ နံနက် ၁၀ နာရီတွင် အမှတ်(၈၂) ပြည်ထောင်စုရိပ်သာလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ရှိ မလေးရှားနိုင်ငံသံရုံးသို့ သွားရောက်၍ ဒီဇင်ဘာ ၂၇ရက်တွင် ကွယ်လွန်သွားသော မလေးရှားနိုင်ငံ ဘုရင်ဟောင်း Tuanku Jaafar Ibni Almarhum Tuanku Abdul Rahman အတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်းအထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးသည်။ (အပေါ်ပုံ) (သတင်းစဉ်)

ကန်တော်ကြီးရှိ ကရဝိက်ဥယျာဉ်အတွင်း ခင်းကျင်းပြသ ရောင်းချနေသော ဒုတိယအကြိမ်မြောက် စာအုပ်ရောင်းပွဲ၌ ပါဝင်ပြသထားသည့် စာအုပ်အရောင်းဆိုင်များကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

သတင်းနှင့် စာနယ်ဇင်းစာအုပ်အရောင်းဆိုင်၊ တင်ရွှေစာပေ၊ ဒိုင်းခင်ခင်၊ သာလွန်စာအုပ်ဆိုင်၊ ရန်အောင်စာပေနှင့်အခြားစာပေ၊ စာအုပ်ဆိုင်ပေါင်းများစွာတို့ ပါဝင်ပြသရောင်းချလျက်ရှိသည်။

ရောင်းချ

အမြင်သစ်စာပေ အရောင်းဆိုင်၌ ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ သမိုင်းနှင့်အတတ်ပညာပိုင်းဆိုင်ရာစာအုပ်များ၊ ခေတ်အဆက်ဆက်ကသတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများအတွဲလိုက်အသင့်ချုပ်ထား

သံအမတ်ကြီးဦးစောလှမင်း စပိန်နိုင်ငံဘုရင်ပထမမြောက်ထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇန်နဝါရီ ၁

စပိန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးစောလှမင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် မဒရစ်မြို့၌ စပိန်နိုင်ငံဘုရင် ပထမမြောက် ဟွမ်ကာလော့စ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့အလင်း **မိုးလေဝသ ခန့်မှန်းချက်** သန်းသန်းနု ကိုးကားတင်ပြသည်

၂၀၀၉ခုနှစ် နှစ်အကူး ဟားခါးနှင့် လွိုင်လင်တွင်အအေးပိုဆဲ

ရန်ကုန် ဒီဇင်ဘာ ၃၁

၂၀၀၉ခုနှစ် ဇန်နဝါရီ ၁ရက်(ယနေ့) ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက တနင်္သာရီတိုင်းတွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာဖွယ်ရှိပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများ၌အများအားဖြင့် သာယာမည်ဖြစ်သည်။ ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေမည်။

၂၀၀၉ခု ဇန်နဝါရီ ၁ရက်**(ယနေ့)**နေပြည်တော်၊ရန်ကုန်နှင့် မန္တလေးမြို့ အနီးတဝိုက် အများအားဖြင့် သာယာမည်ဖြစ်သည်။

ဒီဇင်ဘာ ၃၁ရက်ကဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရပါက ချင်းပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ စစ်ကိုင်းတိုင်း အထက်ပိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်နှင့် ၆ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး၊ မွန်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ် ပိုခဲ့သည်။ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (-၂) ဒီဂရီ စင်တီဂရိတ်၊ လွိုင်လင် မြို့တွင် (-၁)ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၃ဒီဂရီစင်တီဂရိတ်နှင့် မိုးကုတ်မြို့တွင် ၄ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။

တိမ်အသင့်အတင့်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင်လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်းဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

မိုး

အစဉ်သတိပြု

မြန်မာ့အလင်း **သတင်းပဒေသာ အတိုအထွာ**

ရန်ကုန် ဒီဇင်ဘာ ၃၁

နိုင်ငံတကာ အင်ဂျင်နီယာနည်းပညာပြပွဲ မြန်မာတက်မည်

(၁၈)ကြိမ်မြောက် နိုင်ငံတကာ အင်ဂျင်နီယာပညာရပ်နှင့် နည်းပညာပြပွဲကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်မှ ၂၈ရက်အထိ အိန္ဒိယနိုင်ငံ ဘန်ဂလိုမြို့၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ အင်ဂျင်နီယာပညာရှင်များ တက်ရောက်မည်ဖြစ်သည်။

ချစ်သူ့သဘင် မျှော်စင်ကျွန်းတွင် ဖျော်ဖြေမည်

ရန်ကုန်မြို့ ကန်တော်ကြီး မျှော်စင်ကျွန်းတွင် လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲအဖြစ် ဇန်နဝါရီ ၃ ရက်နှင့် ၄ ရက်တွင် မိုးဆမ်းပန်းမီဒီယာနှင့် Azada Art Myanmar တို့ ပူးပေါင်းစီစဉ်တင်ဆက်သော ချစ်သူ့သဘင်ဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ပြီး သဘင်၊ ဂီတ၊ ရုပ်ရှင်အနုပညာရှင်များနှင့် စာနယ်ဇင်းတေးသံရှင်များလည်း ပါဝင်ဖျော်ဖြေကြမည်ဖြစ်သည်။

သစ်သီးဝလံစိုက်ပျိုးနည်း သင်တန်းဖွင့်မည်

မြန်မာ့သစ်သီးဝလံများကို ပြည်ပဈေးကွက်တွင် ပိုမိုနေရာရရှိစေရန်အတွက် စိုက်ပျိုးနည်းပညာများကို မြန်မာနိုင်ငံ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံအသင်းမှ မြန်မာနိုင်ငံတစ်ဝန်း သင်တန်းများဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုသူများ အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြင်းစီးပြိုင်ပွဲ

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်က ကြီးမှူးပြီး ဇန်နဝါရီ ၂ရက်မှ ၄ရက်အထိ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြင်းစီးအားကစားကွင်းတွင် မြင်းစီးပြိုင်ပွဲများ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး မရွေး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ကလေးများအတွက် မြင်းအလှစီး ပြိုင်ပွဲလည်း ပါဝင်မည်ဖြစ်သည်။

လှည်းကူး၌ စာပေဟောပြောပွဲ ကျင်းပမည်

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် စာပေနှင့် စာနယ်ဇင်းက ကြီးမှူး၍ ဇန်နဝါရီ ၇ရက်(ဗုဒ္ဓဟူးနေ့)တွင် လှည်းကူးမြို့ စည်ပင်သာယာဈေးအနီး ခန်းမဆောင်၌ စာပေဟောပြောမည်ဖြစ်သည်။ အဆိုပါ စာပေဟောပြောပွဲတွင် စာရေးဆရာ သန်လျင်မောင်မောင်ဦး၊ ကောက်နွယ်ကနောင်၊ အောင်စိုး(တိရစ္ဆာန်ဆေးကု)နှင့် ဆရာမ မြသန္တာတို့က ဟောပြောကြမည်ဖြစ်သည်။

မြန်မာ့ဗန်တိုပြိုင်ပွဲနှင့် သိုင်းပညာပြပွဲ

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်က ကြီးမှူး၍ သိုင်းပညာစဉ်ပြပွဲနှင့် ဗန်တို(အတိုက်)ပြိုင်ပွဲကို ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၃ရက်မှ ၁၆ရက်အထိ ဗန်တို(အတိုက်)ပြိုင်ပွဲနှင့် ၁၇ရက်မှ ၁၈ရက်အထိ သိုင်းပညာစဉ်ပြပွဲတို့ကို ကျင်းပမည်ဖြစ်သည်။

မြန်မာ့ရေထွက်ကုန်များ တရုတ်စိတ်ဝင်စား

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးအဖြစ် ဒီဇင်ဘာ ၁၇ ရက်မှ ၁၉ရက်အထိကျင်းပခဲ့သော မူဆယ်ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ရေထွက် ကုန်ပစ္စည်းများကို တရုတ်နိုင်ငံမှစိတ်ဝင်စားမှုရှိသဖြင့် လိုအပ်သော အချက်အလက်များ တင်ပြဆွေးနွေးပြီး ဝယ်ယူရန်ဆွေးနွေးခဲ့ကြောင်းသိရသည်။

(၇)နှစ်မြောက် စီးတီးအက်ဖ်အမ်ပွဲ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကကြီးမှူး၍ City FM (၇)နှစ်မြောက်အစီအစဉ်ကို ဇန်နဝါရီ၃ရက်ညနေပိုင်းတွင် မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)ခန်းမ၌ အနုပညာရှင်များစွာဖြင့် ဖျော်ဖြေပွဲ ကျင်းပမည်ဖြစ်သည်။

ဆက်ရန်ရှိသေးသည် ဗီဒီယိုရုံတင်မည်

ရွှေကောင်းကင်ဗီဒီယိုက စီစဉ်ထုတ်လုပ်ပြီး ဇာတ်ညွှန်းနောင်ထွန်းလွင်၊ ဒါရိုက်တာလင်းမြတ်လွင်ကို ရိုက်ကူးပြီး ခန့်စည်သူ၊ ခိုင်သင်းကြည်တို့ အဓိကပါဝင်သရုပ်ဆောင်ထားသည့် ဆက်ရန်ရှိသေးသည် ဗီဒီယိုဇာတ်ကား ဇန်နဝါရီ ၅ရက်တွင် ရွှေမန်း၊ သီတာ၊ မဟာမြိုင်၊ ရတနာပုံရုံများ၌ ပြသမည်ဖြစ်သည်။

ပန်းချီဆရာကြီးများအား ဂါရဝပြုပွဲ

မြန်မာစာပေနှင့်စာနယ်ဇင်းများတွင် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးတို့ကို စာဖတ်သူများ စိတ်ဝင်စားနှစ်သက်အောင် ဖန်တီးသရုပ်ဖော်ပေးခဲ့ကြသော မြန်မာသရုပ်ဖော်ပန်းချီဆရာကြီးများကိုဂါရဝပြုပွဲအဖြစ် ရန်ကုန်မြို့ ၃၅လမ်း (အထက်) မြရံသီမြောရုံတွင် ဒီဇင်ဘာ ၃၀ ရက် နံနက်၁၀နာရီက ကျင်းပခဲ့သည်။

ရန်ကုန်-ဘိုကလေးယာဉ်လိုင်း တစ်နေ့လေးကြိမ်ပြေးဆွဲ

ရန်ကုန်-ဘိုကလေးခရီးစဉ်ယာဉ်လိုင်းကို ကုန်းလမ်းပို့ဆောင်ရေးမှ ပြေးဆွဲပေးလျက်ရှိရာ ဇန်နဝါရီ၁ရက်မှစ၍ တစ်နေ့လေးကြိမ်ပြေးဆွဲမည်ဖြစ်ရာ ခရီးစဉ်မှာ ဘိုကလေး၊ ဖျာပုံ၊ ကျိုက်လတ်၊ မအူပင်၊ ရန်ကုန်ဖြစ်ပြီး အသွားအပြန်ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။ ။ ***(မြန်မာ့အလင်း)***

စုစည်းရေးသားသူ-ဝင်းကျော်

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို သတင်းမြင်ကွင်းအဖုံဖုံ

ရန်ကုန် ဒီဇင်ဘာ ၃၁

ပြင်ဦးလွင်မြို့ ခဲလယ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၄) ခဲလယ်လမ်း(ကတ္တရာထပ်ပိုးလွှာ) လမ်းသစ် ပေ ၁၈၅၀×၁၆ပေ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ရက် နံနက် ၁၁နာရီက အဆိုပါလမ်းသစ်ဖွင့်ပွဲ မုခ်ဦးတွင် ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ ပြင်ဦးလွင်တပ်နယ်မှ ဗိုလ်မှူးချုပ်ဇေယျာအောင်နှင့် တပ်နယ်အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများမှ အသင်းဝင်များနှင့် ပြည်သူများ အင်အားစုစုပေါင်း ၁၅၀၀ကျော် တက်ရောက်ကြသည်။

လွယ်ကူချောမွေ့

အခမ်းအနားအား မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးဦးမင်းမင်းဇော်နှင့် ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ယာပုံ) မြို့တွင်းလမ်းများ၊ လမ်းသွယ်များကို ဖြတ်သန်း၍ ရပ်ကွက်ကြီး ၃၊ ၄၊ ၅ တောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်းတို့ကို ဆက်သွယ်ပေးသော အဓိကလမ်းဖြစ်သဖြင့် ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေလွယ်ကူ ချောမွေ့လျက်ရှိကြောင်း သိရသည်။

မြောက်ဥက္ကလာပ အထက(၃)၌ ဟောပြောပွဲကျင်းပ၊ စာကြည့်တိုက်ဖွင့်

မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်း၍ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုဟောပြောပွဲနှင့် ကျောင်းစာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ၂၂ရက်က အဆိုပါကျောင်း မြကန်သာခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီးဦးသိန်းညွန့်က အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဒေါ်မြင့်မြင့်နိုင်က (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့အကြိုဟောပြောပွဲအဖြစ် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ထို့နောက် ပညာရိပ်မြုံကျောင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်လှစ်ပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်နှင့် ကျောင်းအုပ်ဆရာကြီးဦးသိန်းညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

တောင်ဥက္ကလာပ အလက(၄)တွင် ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပ

တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းတို့ ပူးပေါင်း၍ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဒီဇင်ဘာ၂၅ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ညွန့်က အမှာစကားပြောကြားပြီး **(အောက်ပုံ)** မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီရှိန်က အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးခေါင်းစဉ်ဖြင့် ဟောပြောသည်။ ဟောပြောပွဲအပြီးတွင် ကျောင်းသားကျောင်းသူများက ပြသထားသော နံရံကပ်စာစောင်များအား လေ့လာကြည့်ရှုကြသည်။

ဒိုက်ဦးမြို့ ဘုရင့်နောင် ဂဝံလမ်းသစ်ဖွင့်ပွဲကျင်းပ

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒိုက်ဦးမြို့ အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်လမ်း ဂဝံလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ၃၀ရက်က အဆိုပါလမ်းရှိ မုခ်ဦး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဦးလေးတို့ ဖဲကြိုးဖြတ်၍ ဂဝံလမ်းသစ်ဖွင့်လှစ်ပေးခဲ့သည်။ (အပေါ်ပုံ)

ရန်ကင်း အထက(၁)၌ အားကစားပြိုင်ပွဲကျင်းပ

၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရန်ကင်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ဒီဇင်ဘာ၃၁ရက် နံနက်စနာရီက ပြေးခုန်ပစ်ပြိုင်ပွဲ၊ အမျိုးသားဘောလုံးပြိုင်ပွဲနှင့် အမျိုးသမီးဘောလုံးပြိုင်ပွဲများ ကျင်းပသည်။ (အောက်ပုံ)

အားပေး

အမျိုးသားဘောလုံးပြိုင်ပွဲကို နဝမတန်း(H) အသင်းနှင့် နဝမတန်း(D) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျောင်းအုပ်ဆရာကြီး ဦးစိုးသန်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ ကြည့်ရှုအားပေးကြသည်။

လှည်းကူးမြို့နယ် ရန်ကင်း(၄)လမ်း ကတ္တရာလမ်းသစ်ဖွင့်

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ရိပ်သာရပ်ကွက်ရှိ ရန်ကင်း(၄)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၃၁ရက် နံနက်ပိုင်းက အဆိုပါလမ်းထိပ်မုခ်ဦး၌ကျင်းပရာ အင်ဂျင်နီယာမှူး ဦးဘသိန်းက လမ်းသစ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရပ်ကွက်ပြည်သူ ဦးတင်မြင့်က ကျေးဇူးတင်စကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီးဆန်းမြင့်ဦး၊ ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒေါ်အေးမီဇော်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(မြန်မာ့အလင်း)

(၆၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေသူတိုင်း လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်နေကြသည်

ငါးမင်းဆွေ

အသက်ပေါင်းများစွာပေးပြီး ရယူကာကွယ်ခဲ့ရသော လွတ်လပ်ရေး

တူးဖော်ရရှိသော ကျောက်ဖြစ် ရုပ်ကြွင်း အထောက်အထားများအရ မြန်မာတို့သည် ရှေးနှစ်ပေါင်း ထောင်ပေါင်းများစွာကတည်းက မြန်မာနိုင်ငံအတွင်း၌ နေထိုင်ခဲ့ကြသည်။ မြန်မာတို့သည် အသိပညာ ယဉ်ကျေးမှုများ ထွန်းကားလာပြီး အေဒီ ၁၀၄၄ခုနှစ် အနော်ရထာမင်းလက်ထက်တွင် မြန်မာနိုင်ငံတော်ကြီးကို စတင်စုစည်း ထူထောင်နိုင်ခဲ့သည်။

နိုင်ငံထူထောင်ပြီး နှစ်ပေါင်း ၈၀၀ခန့်အကြာ ၁၈၂၄ခုနှစ်တွင် နယ်ချဲ့တို့သည် မြန်မာ့ပင်လယ်ပြင်ရေပိုင်နက်မှ ဝင်ရောက်ကာ ရန်ကုန်မြို့ကို ကျူးကျော်သိမ်းပိုက်ခဲ့ကြသည်။ နယ်ချဲ့တို့သည် ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲပြီး လွတ်လပ်သောမြန်မာနိုင်ငံအား ကိုလိုနီနိုင်ငံအဖြစ် သွတ်သွင်းကာ လွတ်လပ်သော မြန်မာတို့ကို ကျွန်ပြုခဲ့ကြသည်။ မြန်မာတိုင်းရင်းသားတို့သည် အသက်ပေါင်းများစွာပေးဆပ်ပြီး ဆုံးရှုံးသွားသော လွတ်လပ်ရေးကို ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် ပြန်လည်ရယူနိုင်ခဲ့ပါသည်။

လွတ်လပ်ရေးရပြီးသောအခါ နိုင်ငံရေးအယူအဆ ကွဲလွဲမှုများ၊ လူမျိုးရေးအမြင် ကျဉ်းမြောင်းမှုများကြောင့် ပြည်တွင်းလက်နက်ကိုင် ဆူပူသောင်းကျန်းမှုများဖြစ်ခဲ့သည်။ ထိုပြည်တွင်း လက်နက်ကိုင်ဆူပူသောင်းကျန်းမှုများကြောင့် မြန်မာတိုင်းရင်းသား အမြောက်အမြား သေကျေပျက်စီးခဲ့ရသည်။ ရရှိပြီးသော လွတ်လပ်ရေးကြီးဆုံးရှုံးကာ မြန်မာနိုင်ငံသည် ကမ္ဘာ့မြေပုံပေါ်မှပျောက်ကွယ်သွားနိုင်သည်အထိ ဖြစ်ခဲ့ရသည်။ ပြည်ထောင်စုကြီး မပြိုကွဲစေရန်နှင့် လွတ်လပ်ရေးကြီး မဆုံးရှုံးစေရန် မြန်မာတိုင်းရင်းသားအပေါင်းနှင့် ဖွဲ့စည်းတည်ထောင်ထားသော မြန်မာ့တပ်မတော်သည် ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်ခဲ့သည်။ တပ်မတော်သားများနှင့် မြန်မာပြည်သူများသည် မိမိတို့၏ အသက်ခန္ဓာများ ပေးဆပ်ပြီး လွတ်လပ်ရေးကို ကာကွယ်ခဲ့ကြပါသည်။

မြန်မာပြည်သူနှင့် လင်းတခေါင်းကျိုး ကိုလိုနီလက်သစ်များ

ယခုအခါ နယ်ချဲ့လက်သစ်တို့သည် မိမိတို့ကြိုးဆွဲသည့်အတိုင်း လုပ်ဆောင်ကြမည့် ရုပ်သေးအစိုးရ တင်မြှောက်ခြင်းဖြင့် နိုင်ငံနှင့်လူမျိုးကို ခေတ်သစ်ကိုလိုနီကျွန်ပြုရန် အားထုတ် လုပ်ဆောင်လျက်ရှိကြသည်။

နယ်ချဲ့လက်သစ်တို့သည် မီဒီယာလက်နက်ကို အသုံးပြုလာကြသည်။ ၎င်းတို့ ထူထောင်ထောက်ပံ့ထားသော ပြည်ပအသံလွှင့်ဌာနများမှနေ၍ အစိုးရနှင့်ပြည်သူကြား၊ ပြည်သူနှင့် တပ်မတော်ကြား၊ ပြည်သူအချင်းချင်းကြား စိတ်ဝမ်းကွဲပြားပြီး ဆူပူအကြမ်းဖက်မှုများဖြစ်ပေါ်စေရန် သွေးထိုးဝါဒဖြန့်လုပ်ဆောင်နေပါသည်။ ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်ပြီး နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား ပြိုလဲသွားပါမှ ၎င်းတို့၏လက်ဝေခံ နောက်မြီးဆွဲများကို ရုပ်သေးအစိုးရတင်မြှောက်နိုင်ပါမည်။ ရုပ်သေးအစိုးရ တက်လာပါက ထိုရုပ်သေးအစိုးရသည် နယ်ချဲ့လက်သစ် တိုင်းတစ်ပါးတို့၏အလိုကျ လုပ်ဆောင်ရမည်ဖြစ်သောကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်းဟူသော လွတ်လပ်ရေးကြီးပါ ဆုံးရှုံးသွားပါလိမ့်မည်။

၂၀၀၇ ခုနှစ်တွင် ကမ္ဘာ့ရေနံဈေးနှုန်းမြင့်မားလာသော အခြေအနေအရ နိုင်ငံတော်က စက်သုံးဆီဈေးနှုန်းတိုးမြှင့်ခဲ့ရသည်ကို အခွင့်ကောင်းယူပြီး နယ်ချဲ့လက်သစ်တို့၏ ပြည်ပအသံလွှင့်ဌာနများနှင့် လက်ဝေခံ နောက်မြီးဆွဲတို့သည် နိုင်ငံတော်တွင် ဆူပူအကြမ်းဖက်မှုများဖြစ်ပေါ်စေရန် လုပ်ဆောင်ခဲ့ကြသည်။ ဆူပူအကြမ်းဖက်မှုကို လုံးဝမလိုလားတော့သော မြန်မာပြည်သူတို့သည် နယ်ချဲ့လက်သစ်တို့၏ လက်ဝေခံနောက်မြီးဆွဲတို့နှင့် ပူးပေါင်းခြင်းမရှိခဲ့ကြပါ။ ထို့ကြောင့် **မြန်မာပြည်သူတို့သည် ဒို့တာဝန်အရေး(၃)ပါးတည်းဟူသော သစ္စာပန်းကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် ခရီးပေါက်မြောက်အောင် လျှောက်လှမ်းခဲ့ကြပါသည်။ ဒို့တာဝန်အရေး(၃)ပါးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်တို့သည်သာ နိုင်ငံနှင့်လူမျိုးကို နယ်ချဲ့လက်သစ်တို့၏ ခေတ်သစ်ကိုလိုနီကျွန်ပြုခြင်းမှ ကင်းဝေးစေကာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ်သို့ ပြောင်းလဲရောက်ရှိစေမည်ဆိုသည်ကို မြန်မာပြည်သူများ ကောင်းစွာနားလည်သဘောပေါက်ထားပြီး ဖြစ်ပါသည်။**

မြန်မာပြည်သူများက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ထားခြင်းကြောင့် နယ်ချဲ့လက်သစ်များ၊ ၎င်းတို့၏မီဒီယာများနှင့် လက်ဝေခံနောက်မြီးဆွဲတို့၏ နိုင်ငံနှင့်လူမျိုးကို ခေတ်သစ်ကိုလိုနီကျွန်ပြုရန် အကြံအစည်များသည် အချည်းနှီးဖြစ်ခဲ့ရသည်။ အချင်းချင်း တိုက်ခိုက်သတ်ပုတ်နေကြသည်ကို မြင်လိုပါလျက်၊ တိုင်းပြည်ဆူပူ အုံကြွ ပြိုကွဲသွားသည်ကိုတွေ့လိုပါလျက် တည်ငြိမ်အေးချမ်းမှုမပျက်ဘဲ တိုးတက်ဖွံ့ဖြိုးနေသည်ကို တွေ့ရမြင်ရသောအခါ မှိုင်တွေသွားကြသော သစ်ခြောက်ပင်ကြီးပေါ်က လင်းတခေါင်းကျိုးများအဖြစ်သို့ ၎င်းတို့ ရောက်ရှိသွားခဲ့ကြပါသည်။

အရှေ့မှ နေဝန်းထွက်ခဲ့ပြီ

၂၀၀၈ခုနှစ် မေလ ၂ရက်နှင့် ၃ရက်တို့တွင် နာဂစ်မုန်တိုင်းဒဏ် ခံလိုက်ရသော မြန်မာပြည်သူများကို တွေ့လိုက်ရသောအခါ သစ်ခြောက်ပင်ကြီးပေါ်တွင် မှိုင်တွေနေကြသော လင်းတခေါင်းကျိုးများ ခေါင်းထောင်လာကြပြီး တောင်ပံတဖျပ်ဖျပ် ရိုက်ခတ်လာပြန်သည်။ လက်ဝေခံနောက်မြီးဆွဲတို့သည် နာဂစ်ဒဏ်ခံလိုက်ရသော မြန်မာပြည်သူများကို ကူညီသယောင်ယောင်နှင့် အစိုးရနှင့်ပြည်သူကြား သွေးကွဲအောင် ပြောဆိုလာခဲ့ကြသည်။ နာဂစ်မုန်တိုင်းကို အကြောင်းပြုပြီး နိုင်ငံတော်တွင် ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်လာစေရန် အကြံပက်စက်စွာ လုပ်ဆောင်ခဲ့ကြသည်။

နာဂစ်မုန်တိုင်းကြောင့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းတို့တွင် သိုလှောင်စပါးများ ပျက်စီးကုန်ပြီ၊ လယ်ယာမြေများ ဆားငန်ရည် ဝင်ရောက်ပျက်စီးကုန်ပြီ၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် မကြာမီ အငတ်ဘေးဆိုက်တော့မည်၊ ဆူပူအကြမ်းဖက်မှုများဖြစ်ပေါ်တော့မည်၊ တိုင်းပြည်ပျက်တော့မည် စသည်ဖြင့် ပြည်ပအသံလွှင့်ဌာနများနှင့် လက်ဝေခံ နောက်မြီးဆွဲတို့က ယုတ်မာပက်စက်စွာ လုပ်ကြံ ပြောဆိုလာကြသည်။ သူတို့သည် တပ်မတော်အစိုးရ လက်ထက်တွင် တည်ဆောက်ပြီးစီးခဲ့သော ဆည်မြောင်းတာတမံများကို မမြင်ချင်ယောင်ဆောင်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင်သာမက ဒေသအတွင်းတွင်ပင် ကြီးမားသော သဖန်းဆိပ်ဆည်ကြီးကို မေ့လျော့ချင်ယောင်ဆောင်ခဲ့ကြသည်။ သဖန်းဆိပ်ဆည်ကြီးနှင့် အခြားဆည်မြောင်းတာတမံများကြောင့် မြန်မာနိုင်ငံ၏ ဒုတိယစပါးကျီ ဖြစ်လာသော စစ်ကိုင်းတိုင်းကြီးကို မသိကျိုးကျွန် ပြုခဲ့ကြသည်။ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ စွမ်းအား၊ စွမ်းပကားများနှင့် ညီညွတ်မှုတို့ကို မထီမဲ့မြင် ပြုခဲ့ကြသည်။

မြန်မာနိုင်ငံသည် ၁၉၈၈ခုနှစ်က စပါးတင်း သန်း ၆၃၀ ထွက်ရှိခဲ့ရာမှ တည်ဆောက်ပြီးစီးခဲ့သော ဆည်မြောင်းတာတမံများကြောင့် ယခုအခါ စပါးတင်းသန်း ၁၅၀၀ ထွက်ရှိနေပါပြီ။ နာဂစ်မုန်တိုင်းကြောင့် သိုလှောင်စပါးအချို့ ပျက်စီးသွားသည့်တိုင် မြန်မာပြည်သူတို့အတွက် ဆန်ရေစပါး ဖူလုံပိုလျှံနေပါသည်။ စပါးသစ်များ ထွက်ရှိလာသော်လည်း သိုလှောင်စပါးဟောင်းများက မကုန်သေးပါ။ နာဂစ်မုန်တိုင်းကြောင့် မြန်မာပြည်သူများ ထမင်းငတ်တော့မည်၊ တိုင်းပြည်ပျက်တော့မည်ဟု ပြည်ပအသံလွှင့်ဌာနများနှင့် လက်ဝေခံနောက်မြီးဆွဲတို့၏ ပြောဆိုမှုများသည် နိုင်ငံတော်ကို ချောက်ထဲ မရောက်ရောက်အောင်တွန်းပို့သော လုပ်ကြံဖန်တီး ပြောဆိုမှုများဖြစ်ကြောင်း အချိန်တန်သောအခါ ဘွားဘွားကြီး ပေါ်ခဲ့ရတော့သည်။

နိုင်ငံတော်အစိုးရသည် နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသော မြန်မာပြည်သူများကို ရင်ဝယ်သားပမာ စောင့်ရှောက်ခဲ့ပါသည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နိုင်ငံတော် ဒုတိယအကြီးအကဲ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးတို့သည် နာဂစ်မုန်တိုင်းဒဏ်ခံရသော ဒေသများသို့သွားရောက်ကာ လက်ငင်းလိုအပ်ချက်များကို အလျင်အမြန် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။ ထိုဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းကြီး သုံးခုဖြစ်သော လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းနှင့် ဆားလုပ်ငန်းများကို ပြန်လည်ထူထောင်ပေးရန် လမ်းညွှန်မှုပေးခဲ့ပါသည်။ အိမ်ရာသစ်များဆောက်လုပ်ပေးရန် လမ်းညွှန်ခဲ့ပါသည်။ နောင်အခါ ဤသို့ ဘေးအန္တရာယ်ကျရောက်လာပါက လုံခြုံဘေးကင်းမှုရှိစေရန် လိုအပ်သော ရေရှည်သဘာဝဘေးကာကွယ်ရေးလုပ်ငန်းများကို ချမှတ်လမ်းညွှန်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရသည် စပါးစိုက်ပျိုးသော တောင်သူများကို စိုက်ပျိုးစရိတ်၊ မျိုးစပါး၊ လယ်ထွန်စက်၊ ကျွဲနွား၊ စက်သုံးဆီ၊ ဓာတ်မြေဩဇာများကို အလုံအလောက် ထုတ်ပေးခဲ့သည်။ ငါးဖမ်းလှေ အစင်း ၉၆၂၀ တည်ဆောက်ကာ မြစ်တွင်းငါးဖမ်းသမားများကို ထုတ်ပေးခဲ့သည်။ အင်ဂျင်စက်နှင့် ငါးဖမ်းပိုက်များကိုလည်း ထုတ်ပေးခဲ့သည်။ ပင်လယ်ငါးဖမ်းသမားများကို ချေးငွေများထုတ်ချေးခဲ့သည်။ ဆားတောင်သူများကို ဆားလယ် တစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှုန်း ထုတ်ချေးခဲ့သည်။ ထိုချေးငွေပမာဏသည် နာဂစ်ကြောင့် ပျက်စီးသွားသော ဆားလုပ်ငန်းများပြန်လည်ထူထောင်ရန် ရာနှုန်းပြည့် လုံလောက်ကြောင်းကို မွန်ပြည်နယ်တွင် ကိုယ်တိုင် ဆားထုတ်လုပ်နေသော ကျွန်တော့်အနေဖြင့် ကောင်းစွာသိရှိပါသည်။

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ စွမ်းအား၊ စွမ်းပကားများနှင့် ညီညွတ်မှုတို့ကြောင့် နာဂစ်မုန်တိုင်းဒဏ်ကို ဆိုးဆိုးရွားရွားခံခဲ့ရသော ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းတို့မှ ပြည်သူတို့၏ဘဝများသည် မှောင်မိုက်မည်းသော လမိုက်ရက် သန်းခေါင်ယံကိုကျော်လွန်ခဲ့ပြီး အရှေ့မှ နေဝန်းထွက်ခဲ့ပါပြီ။ နာဂစ်မုန်တိုင်းကိုအကြောင်းပြုပြီး အချင်းချင်း စိတ်ဝမ်းကွဲကာ နိုင်ငံတော်ကြီးပြိုလဲပျက်စီးစေရန် ကြံစည် လုပ်ဆောင်ခဲ့ကြသော ပြည်ပအသံလွှင့်ဌာနများနှင့် လက်ဝေခံနောက်မြီးဆွဲတို့၏ ညဥ့်နက်သန်းခေါင် ငှက်ဆိုးထိုးသံတို့သည် အရှေ့ဘက်မှထွက်ပေါ်လာသော နေဝန်းကြီးအောက်တွင် တိမ်မြုပ်ပျောက်ကွယ်သွားခဲ့ပါပြီ။ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ပင်လယ်ရေပြင်ပမာ စုစည်းညီညွတ်မှုနှင့် ကြီးမားသော စွမ်းအား၊ စွမ်းပကားတို့ကြောင့် နာဂစ်မုန်တိုင်းကို အကြောင်းပြုပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်းဟူသော လွတ်လပ်ရေးကိုထိပါးအောင် ကြံစည်လုပ်ဆောင်ခဲ့ကြသည့် ထိုသူတို့၏ ပက်စက်သော အကြံအစည်နှင့် လုပ်ရပ်တို့သည် ရေပေါ်အရုပ်ရေးသလို အရာမထင် ဖြစ်ခဲ့ရတော့သည်။

မေတ္တာနှင့်ဒီမိုကရေစီ

မြန်မာနိုင်ငံသည် မေတ္တာ၊ ကရုဏာ၊ ဥပေက္ခာ၊ မုဒိတာဟူသော ဗြဟ္မစိုရ်တရားလေးပါး ထွန်းကားသော နိုင်ငံဖြစ်သည်။ မြန်မာအများစုသည် မေတ္တာတရားထက်သန်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ ဖြစ်ကြသည်။ ထို့ကြောင့် မြန်မာတို့သည် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ခဲ့ကြသည်။ အကျိုးတူပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်။

အမျိုးသားနိုင်ငံရေးသမား အမြော်အမြင်ရှိသူများက လက်ဝေခံ နောက်မြီးဆွဲတို့ကို မြန်မာအချင်းချင်းတိုက်ခိုက်ကြသည့် ဆူပူအကြမ်းဖက်မှုများ မလုပ်ဆောင်ကြရန်၊ ထိုသို့ဖြစ်ပေါ်အောင် အားပေးလှုံ့ဆော်ခြင်းမပြုကြရန်၊ နိုင်ငံနှင့် လူမျိုးအကျိုးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရန်တို့ကို မိဘနှင့်သားသမီးပမာ၊ ညီရင်းအစ်ကို မောင်ရင်းနှမပမာ မေတ္တာထားပြီး အကြိမ်ကြိမ်နားချပြောဆို ဆွေးနွေးရေးသားခဲ့ကြသည်။ နိုင်ငံနှင့် လူမျိုးအကျိုးအတွက် မည်သို့ပင်မေတ္တာဖြင့် ပြောဆိုဆွေးနွေးရေးသားစေကာမူ သူတို့သည် နိုင်ငံအတွင်း၌ ဆူပူအကြမ်းဖက်မှုများဖြစ်ပွားစေရန်၊ မြန်မာအချင်းချင်းတိုက်ခိုက်ကြစေရန် ရန်လိုမုန်းတီးမှုများဖြင့် လုပ်ဆောင်နေဆဲ ဖြစ်သည်။

မေတ္တာသည် ဒီမိုကရေစီထက် မြင့်မြတ်သည်။ မေတ္တာသည် ဒီမိုကရေစီထက် အေးချမ်းသာယာမှုကို ပေးစွမ်းနိုင်သည်။ နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံရေးအင်အားစုများ အချင်းချင်း၊ နိုင်ငံသားများအချင်းချင်း ရန်လိုမုန်းတီးပြီး မေတ္တာပျက်ယွင်းနေကြပါက ဒီမိုကရေစီသည် ထိုနိုင်ငံတွင် ရှင်သန်ကြီးထွားနိုင်မည်မဟုတ်။ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ တစ်ဦးပေါ်တစ်ဦး မေတ္တာထားကြပါမှ ဒီမိုကရေစီသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ ဖြစ်ထွန်းရှင်သန်နိုင်မည်ဆိုသည်တို့ကို သူတို့နားလည်သဘောမပေါက်ကြ။ ဒီမိုကရေစီပျိုးပင်သည် မေတ္တာရေစင်ပက်ဖျန်းပါမှ လန်းဆန်းရှင်သန် ကြီးထွားနိုင်မည်ဆိုသည်ကို သူတို့ နားလည်သဘောမပေါက်ကြ။ သူတို့သည် ဒီမိုကရေစီပျိုးပင်ကို ရန်လိုမုန်းတီးမှုဟူသော အက်စစ်ရည်ပက်ဖျန်းခြင်းဖြင့် ရှင်သန်ကြီးထွားလာလိမ့်မည်ဟု မိုက်မဲစွာ ယုံမှတ်မှားခဲ့ကြသည်။ သူတို့သည် ဒီမိုကရေစီရေးကို အကြောင်းပြကာ နိုင်ငံတွင်း၌ ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်စေရန်၊ မြန်မာအချင်းချင်း တိုက်ခိုက်ကြစေရန် လုပ်ဆောင်နေကြသည်။ ဆူပူအကြမ်းဖက်မှုများ ပြန်ပေါ်ပြီး မြန်မာအချင်းချင်း တိုက်ခိုက်ကြပါက မြန်မာတိုင်းရင်းသားများ သေကျေပျက်စီးကာ ပြည်ထောင်စုကြီးပြိုကွဲပြီး နောက်ဆုံးတွင် လွတ်လပ်ရေးကြီးပါ ဆုံးရှုံးသွားမည်ကို သူတို့ လုံးဝ အလေးမထားခဲ့ကြပါ။

နိုင်ငံတော်၏ ကျေးဇူးသစ္စာ

ကျွန်တော်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ မွေးဖွားခဲ့ကြသည်။ ကျွန်တော်တို့သည် ဤနိုင်ငံတော်ကြီးမှထွက်ရှိသော စားနပ်ရိက္ခာများကို စားသုံးပြီး ရှင်သန်ကြီးပြင်းလာကြသည်။ ဤနိုင်ငံတော်ကြီးက ကျွန်တော်တို့အား ပညာသင်ကြားပေးခဲ့သည်။ ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။ ဤနိုင်ငံတော်ကြီး၏ ရေမြေသယံဇာတတို့ကို အသုံးပြုပြီး ကျွန်တော်တို့ လုပ်ကိုင်စားသောက်နေကြသည်။ ဤနိုင်ငံတော်ကြီးက ကျွန်တော်တို့၏ အသက်အိုးအိမ် လုံခြုံမှုကို ကာကွယ်စောင့်ရှောက်ပေးနေသည်။ သဘာဝဘေးအန္တရာယ်များနှင့် ကျွန်တော်တို့ ကြုံတွေ့ကြရသောအခါ ဤနိုင်ငံတော်ကြီးကပင် ကျွန်တော်တို့ကို ကယ်တင်ကူညီစောင့်ရှောက်ခဲ့သည်။ ကျွန်တော်တို့ ကွယ်လွန်ပြီးသည့်တိုင် ကျွန်တော်တို့၏ သွေးသားမျိုးဆက်တို့သည် ဤနိုင်ငံတော်ကြီးတွင် မှီတင်းနေထိုင် လုပ်ကိုင်စားသောက်ကြရဦးမည်သာ ဖြစ်သည်။ သို့ပါ၍ ကျွန်တော်တို့ မြန်မာတိုင်းရင်းသားများအပေါ် ဤနိုင်ငံတော်ကြီး၏ ကျေးဇူးသစ္စာသည် ကြီးမားလှပါသည်။

လွတ်လပ်ရေးကို ကာကွယ်နေကြသည်

နိုင်ငံတော်၏ မြေပြင်၊ ရေပြင်၊ ဝေဟင်ပိုင်နက်တို့ကို ကျူးကျော်ထိပါးခြင်း၊ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပြီး မိမိတို့၏ လက်ဝေခံနောက်မြီးဆွဲများကို ရုပ်သေးအစိုးရတင်ရန် အားထုတ်ကြိုးပမ်းခြင်း၊ ထိုသို့ အားထုတ်ကြိုးပမ်းခြင်းကို ကူညီအားပေးခြင်း၊ အစိုးရနှင့် ပြည်သူကြား၊ ပြည်သူနှင့် တပ်မတော်ကြား၊ ပြည်သူအချင်းချင်းကြား စိတ်ဝမ်းကွဲစေရန် သွေးထိုးလှုံ့ဆော်ခြင်းဖြင့် ပြည်ထောင်စုကြီးပြိုကွဲအောင် သပ်လျှိုလုပ်ဆောင်ခြင်း၊ မြန်မာတိုင်းရင်းသားအချင်းချင်းစိတ်ဝမ်းကွဲစေရန် သွေးထိုးလှုံ့ဆော်ခြင်း၊ လူမျိုးရေးအမြင် ကျဉ်းမြောင်းမုန်းတီးမှုများဖြင့် မြန်မာတိုင်းရင်းသားအချင်းချင်း ရက်စက်ယုတ်မာစွာ အကြမ်းဖက်တိုက်ခိုက် သတ်ဖြတ်ခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲပျက်ပြားအောင် မီးမွှေးလုပ်ဆောင်ခြင်း စသည့် လုပ်ရပ်တို့သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်းဟူသော လွတ်လပ်ရေးကို ထိပါးစေသော လုပ်ရပ်များဖြစ်ပါသည်။

နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေသော မြန်မာတိုင်းရင်းသားတို့သည် လွတ်လပ်ရေးကို ထိပါးနှောင့်ယှက်လာသော လုပ်ရပ်မှန်သမျှ တွန်းလှန်ဖယ်ရှားကာ လွတ်လပ်ရေးကို ကာကွယ်လျက်ရှိကြပါသည်။ လိုအပ်ပါက မိမိတို့၏ အသက်ခန္ဓာများ ပေးဆပ်ကာ လွတ်လပ်ရေးကို ကာကွယ်သွားကြမည်ဖြစ်ပါကြောင်း နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေသော မြန်မာတိုင်းရင်းသားအပေါင်းတို့ကိုယ်စား လေးနက်တည်ကြည်စွာ ရေးသားတင်ပြအပ်ပါသည်။ ။

ယခုအခါ နယ်ချဲ့လက်သစ်တို့သည် မိမိတို့ ကြိုးဆွဲသည့်အတိုင်း လုပ်ဆောင်ကြမည့် ရုပ်သေးအစိုးရတင်မြှောက်ခြင်းဖြင့် နိုင်ငံနှင့် လူမျိုးကို ခေတ်သစ်ကိုလိုနီကျွန်ပြုရန် အားထုတ်လုပ်ဆောင်လျက်ရှိကြ။

ဂါးမင်းဆွေ

ငါးဖမ်းပိုက်များကိုလည်း ထုတ်ပေးခဲ့သည်။
းတောင်သူများကို ဆားလယ် တစ်ဧကလျှင်
ဂစ်ကြောင့် ပျက်စီးသွားသော ဆားလုပ်ငန်း
ပြည်နယ်တွင် ကိုယ်တိုင် ဆားထုတ်လုပ်နေသော

**မ်းပကားများနှင့် ညီညွတ်မှုတို့ကြောင့် နာဂစ်
ိုင်းတို့မှ ပြည်သူတို့၏ဘဝများသည် မှောင်မိုက်
ဝန်းထွက်ခဲ့ပါပြီ။ နာဂစ်မုန်တိုင်းကိုအကြောင်း
ကြံစည် လုပ်ဆောင်ခဲ့ကြသော ပြည်ပအသံလွှင့်
ထိုးသံတို့သည် အရှေ့ဘက်မှထွက်ပေါ်လာသော
တော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏
ပကားတို့ကြောင့် နာဂစ်မုန်တိုင်းကို အကြောင်း
းကိုထိပါးအောင် ကြံစည်လုပ်ဆောင်ခဲ့ကြသည့်
အရုပ်ရေးသလို အရာမထင် ဖြစ်ခဲ့ရတော့သည်။**

သော ဖြဟ္မစိုရ်တရားလေးပါး ထွန်းကားသော
 အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ
ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ခဲ့ကြသည်။

 နောက်မီးဆွဲတို့ကို မြန်မာအချင်းချင်းတိုက်ခိုက်
အောင် အားပေးလှုံ့ဆော်ခြင်းမပြုကြရန်၊ နိုင်ငံ
က်ကြရန်တို့ကို မိဘနှင့်သားသမီးပမာ၊ ညီရင်း
 ဆွေးနွေးရေးသားခဲ့ကြသည်။ နိုင်ငံနှင့် လူမျိုး
ကာမှ သူတို့သည် နိုင်ငံအတွင်း၌ ဆူပူအကြမ်း
မုန်းတီးမှုများဖြင့် လုပ်ဆောင်နေဆဲ ဖြစ်သည်။
ဒီမိုကရေစီထက် အေးချမ်းသာယာမှုကို ပေးစွမ်း
 နိုင်ငံသားများအချင်းချင်း ရန်လိုမုန်းတီးပြီး
န်ကြီးထွားနိုင်မည်မဟုတ်။ နိုင်ငံတော်အစိုးရ၊
ကရေစီသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌
က်ကြ။ ဒီမိုကရေစီပျိုးပင်သည် မေတ္တာရေစင်
ို့ နားလည်သဘောမပေါက်ကြ။ သူတို့သည်
းဖြင့် ရှင်သန်ကြီးထွားလာလိမ့်မည်ဟု မိုက်မဲစွာ
းပြကာ နိုင်ငံတွင်း၌ ဆူပူအကြမ်းဖက်မှုများ
နကြသည်။ ဆူပူအကြမ်းဖက်မှုများ ပြန်ပေါ်ပြီး
သကျေပျက်စီးကာ ပြည်ထောင်စုကြီးပြိုကွဲပြီး
ဝ အလေးမထားခဲ့ကြပါ။

စွာ

**းခဲ့ကြသည်။ ကျွန်တော်တို့သည် ဤနိုင်ငံတော်
လာကြသည်။ ဤနိုင်ငံတော်ကြီးက ကျွန်တော်
သည်။ ဤနိုင်ငံတော်ကြီး၏ ရေမြေသယံဇာတ
 ဤနိုင်ငံတော်ကြီးက ကျွန်တော်တို့၏ အသက်
ဘေးအန္တရာယ်များနှင့် ကျွန်တော်တို့ ကြုံတွေ့
တင်ကူညီစောင့်ရှောက်ခဲ့သည်။ ကျွန်တော်တို့
ဤနိုင်ငံတော်ကြီးတွင် မှီတင်းနေထိုင် လုပ်ကိုင်
ာတိုင်းရင်းသားများအပေါ် ဤနိုင်ငံတော်ကြီး၏**

ကြသည်

ကျော်ထိပါးခြင်း၊ နိုင်ငံတော်၏ ပြည်တွင်းရေးကို
ပ်သေးအစိုးရတင်ရန် အားထုတ်ကြိုးပမ်းခြင်း၊
 ပြည်သူကြား၊ ပြည်သူနှင့် တပ်မတော်ကြား၊
းဖြင့် ပြည်ထောင်စုကြီးပြိုကွဲအောင် သပ်လျှို
ထိုးလှုံ့ဆော်ခြင်း၊ လူမျိုးရေးအမြင် ကျဉ်းမြောင်း
မာစွာ အကြမ်းဖက်တိုက်ခိုက် သတ်ဖြတ်ခြင်း၊
တင်ခြင်း စသည့် လုပ်ရပ်တို့သည် နိုင်ငံတော်၏
ာ လုပ်ရပ်များဖြစ်ပါသည်။
**ိုင်းရင်းသားတို့သည် လွတ်လပ်ရေးကို ထိပါး
ပ်ရေးကို ကာကွယ်လျက်ရှိကြပါသည်။ လိုအပ်
ကွယ်သွားကြမည်ဖြစ်ပါကြောင်း နိုင်ငံတော်၏
တို့ကိုယ်စား လေးနက်တည်ကြည်စွာ ရေးသား**

**ဆွဲသည့် အတိုင်း
နိုင်ငံနှင့် လူမျိုးကို
ကြ။**

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ရွှေလောင်းကျေးရွာအနီး ခပေါင်းရေလှောင်တမံမှ ရေအားလျှပ်စစ်ထုတ်လုပ်ပြီးနောက် ထုတ်လွှတ်သော ဆည်ရေများကို လယ်မြေဧကတစ်သိန်းခန့်အတွက် စိုက်ပျိုးရေပေးဝေရန် သိုလှောင်ထိန်းသိမ်းထားသည့် ခပေါင်းရေလွှဲဆည် မြင်ကွင်း။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မကွေးတိုင်း မြိုင်မြို့နယ် ကျောက်ဆောက်ရေလှောင်တမံ၏ ကျောက်စီနံရံ သံကူကွန်ကရစ် အမျိုးအစား အကျယ် ၂၅ပေရှိ ရေပိုလွှဲကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နိုင်ငံတစ်ဝန်း လယ်ယာမြေများအတွက် ရာသီချိန်ခါမရွေး စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီး ဌာနမှ ဆည်တမံနှင့် ရေထိန်းတံခါးများကို နိုင်ငံအနှံ့ တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။

၂၀၀၈ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း လယ်ယာစိုက်ပျိုးရေး(ဆည်တမံ)ကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုမြင်ကွင်း

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြု

နိုင်ငံတော် အမှတ်စဉ်	ဒေသ အမှတ်စဉ်	ဆည်/တမံအမည်	တည်နေရာဒေသ	အကျိုးပြုဧက	ဖွင့်လှစ်သည့်နေ့
၂၀၇	၄၄	ဝါးကတုတ် ရေကူရေလှောင်တမံ	ပဲခူးတိုင်း၊ ပဲခူးမြို့	၁၂၀၀	၂၆-၁-၂၀၀၈
၂၀၈	၁၈	တကော ရေထိန်းတံခါး	ရန်ကုန်တိုင်း၊ သုံးခွမြို့	၁၅၀၀၀	၂၇-၂-၂၀၀၈
၂၀၉	၄၅	ခပေါင်း ရေလှောင်တမံ	ပဲခူးတိုင်း၊ အုတ်တွင်းမြို့	၃၆၀၀၀၀	၂၃-၃-၂၀၀၈
၂၁၀	၂၇	တောက်ပြို ရေလှောင်တမံ	နေပြည်တော်ပျဉ်းမနား	၃၀၀	၂၇-၄-၂၀၀၈
၂၁၁	၃	မုံးရင် ရေလှောင်တမံ	ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နမ္မတူမြို့	၂၆၀၀	၃၁-၅-၂၀၀၈
၂၁၂	၄၆	ခပေါင်းရေလွှဲဆည်	ပဲခူးတိုင်း၊ အုတ်တွင်းမြို့	၁၀၀၀၀၀	၂၈-၆-၂၀၀၈
၂၁၃	၃၉	မင်းကန် ရေလှောင်တမံ	မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်	၂၀၀	၃၀-၇-၂၀၀၈
၂၁၄	၅၁	ကျောက်ဆောက် ရေလှောင်တမံ	မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်	၁၅၀	၂၉-၈-၂၀၀၈
၂၁၅	၄၁	တံခွန် ရေလှောင်တမံ	မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်	၁၅၀	၃၀-၉-၂၀၀၈
၂၁၆	၄၂	စဘော ရေလှောင်တမံ	မကွေးတိုင်း၊ ပခုက္ကူမြို့နယ်	၄၀၀	၂၃-၁၀-၂၀၀၈
၂၁၇	၄၃	ချဉ်ရေလှောင်တမံ	မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်	၁၅၀	၂၄-၁၂-၂၀၀၈

မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် သပြေကျေးရွာအနီး လယ်ယာမြေဧက ၁၅၀အတွက် ဆည်ရေပေးဝေလျက်ရှိသည့် တံခွန်ရေလှောင်တမံနှင့် ရေထိန်းမျှော်စင်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် (၄)ရပ်

၁။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။

၃။ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြုပြီး ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသား အားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေး အတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက် ရေး။

လွတ်လပ်အမွေ တည်တံ့စေ

* နယ်ချဲ့လူဆိုး လက်နက်အားကိုးဖြင့်
ချိုးဖျက်စည်းကျော်၊ ကျူးကျော်သိမ်းထုပ်
ကုပ်သွေးစုပ်ကာ၊ ရက်စက်တာတွေ
ဘာသာ သာသနာ၊ ညှိုးမှိန်လာခဲ့
ရပ်ရွာလူထု၊ နိုင်ထက်ပြုခဲ့
လူမှုစီးပွား၊ ပြားဝပ်တွားခဲ့
သင်ကြားပညာ၊ နိမ့်ကျလာခဲ့
ရင်နာစရာ၊ နှစ်ပေါင်းကြာ။

* ကိုယ့်လူကိုယ့်မျိုး၊ နိုင်ငံကျိုးတွက်
ကိုယ်ကျိုးအသက်၊ ငဲ့မကွက်ဘဲ
လက်နက်ရရာ၊ စွဲကိုင်ပါခဲ့
နယ်ချဲ့တော်လှန်၊ တိုက်ခိုက်ပြန်လည်း
မမှန်စနစ်၊ မကျစ်လျစ်တော့
နှံ့နစ်ထဲမှာ၊ မရုန်းသာ။

* စည်းလုံးညီမှု၊ အားမာန်ပြု၍
ပြည်ထောင်စုဖွား၊ တိုင်းရင်းသားတို့
မခြားတစ်သီး၊ ကျစ်လျစ်သည်းကာ
စုစည်းခွန်အား၊ ပေါင်းစုထားပြီး
တိုင်းကားပြည်သူ၊ လက်တွဲတူလျက်
ညီတူဖြဖြ၊ တော်လှန်ကြသော်
ကျဆုံးနယ်ချဲ့၊ ထွက်ပြေးခဲ့ကြ
အိုဘယ့်ရတနာ၊ တုနှိုင်းရာကင်း
ဂုဏ်ဝင်းမွန်မြတ်၊ လွတ်လပ်ရေးကို
မနှေးဇောက်နဲ့ ရခဲ့သည်။

* လွတ်လပ်အမွေ၊ တည်တံ့ချေမှ
နေရောင်လင်းဖြာ၊ လမင်းသာသို့
ဒို့ရွာ ဒို့ပြည်၊ ဂုဏ်တင့်စည်လိမ့်
သည်ကမ္ဘာမှာ၊ ခံ့ညားပါလိမ့်
သာယာမှုပေး၊ အရေးရာရာ
ကိုယ်သာစီမံ၊ သခင်မှန်လိမ့်
အမှန်ချမ်းသာ၊ ငြိမ်းအေးပါလိမ့်
မွေးရာတာဝန်၊ သင်ကျေပွန်ဖို့
မွန်မြတ်စိတ်မွေး၊ လွတ်လပ်ရေးကို
သက်ပေးကွယ်ကာ၊ စောင့်ရှောက်ပါလော့
ဒို့ရွာ ဒို့တိုင်း ဒို့သမိုင်းတွင်
ပြန့်လှိုင်းကမ္ဘာ တည်စေသော်။ ။

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက် –

မောင်နေမွန်

စီမံကိန်းလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးရေး ဝန်ထမ်းများအားလုံး ရည်မှန်းချက်ထား အကောင်အထည်ဖော်

နေပြည်တော် ဒီဇင်ဘာ ၃၁

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေးသည် ဒီဇင်ဘာ ၃၀ရက်က မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းမှ ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်၌ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည့် အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ စီမံကိန်း(ပုသိမ်)သို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်တွင် စီမံကိန်းဒါရိုက်တာက လုပ်ငန်းပြီးစီးမှု၊ ပစ္စည်းများရောက်ရှိမှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက စီမံကိန်းလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးရေးအတွက် ဝန်ထမ်းအားလုံးက ရည်မှန်းချက်ထား၍ ကြိုးစား အကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ စီမံကိန်းလုပ်ငန်းများကို စတင် တည်ဆောက်ကတည်းက အစစအရာရာ ဂရုတစိုက်ဆောင်ရွက်ကြရန် စသည်ဖြင့် ဆွေးနွေးမှာကြားပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားစာပေ တစ်သက်တာဆုတံဆိပ်နှင့် ဆုငွေများ ဆရာကြီး ဦးကြည်အေး(ဆင်ဖြူကျွန်းအောင်သိန်း)အား အိမ်တိုင်ရာရောက် ပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၃၁

၂၀၀၇ခုနှစ်အတွက် အမျိုးသား စာပေ တစ်သက်တာဆုရှင် ဆရာကြီး ဦးကြည်အေး (ဆင်ဖြူကျွန်းအောင်သိန်း)သည် ဒီဇင်ဘာ ၂၈ရက်တွင် နေပြည်တော်ရှိ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည့် ၂၀၀၇ခုနှစ်အတွက် အမျိုး သား စာပေတစ်သက်တာဆု၊ အမျိုးသား စာပေဆုနှင့်စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ကျန်းမာရေးအခြေအနေအရ တက်ရောက်နိုင်ခြင်းမရှိခဲ့သဖြင့် ရန်ကုန်မြို့ သာကေတမြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ ၎င်း၏နေအိမ်သို့ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန် စာတည်းမှူးချုပ် ဦးကိုကိုထွေး နှင့် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီအတွင်းရေးမှူး ဦးမောင်လှိုင်တို့က ယနေ့နံနက်ပိုင်းတွင် ကိုယ်တိုင်သွားရောက်၍ ဆုတံဆိပ်နှင့်ဆုငွေများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

❒ *ကျောဖုံးမှ*

ဆက်လက်၍ ဧရာဝတီရေတပ်စခန်း ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမင်းနိုင်က ပထမရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းအား တစ်ဦးချင်းဆုများကို ပေးအပ် ချီးမြှင့်သည်။ ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က နေရာအလိုက် အကောင်းဆုံး ဘောလုံးသမားဆု ရရှိကြ သူများနှင့် အသန့်ရှင်းဆုံးအသင်းဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား ဆုများ ကို ပေးအပ်ချီးမြှင့်သည်။

တံခွန်စိုက်ဆုဖလား

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်(ကိုယ်စား) စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသူရမြင့်အောင်က ပထမရရှိ သော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား တံခွန်စိုက်ဆုဖလားကြီးနှင့် ဆင့်ပွားဖလား ကို ပေးအပ်ချီးမြှင့်လိုက်ပြီး အခမ်းအနား ကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

စပါးသီးနှံအလေအလွင့် မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။

၂။ ရိတ်သိမ်းပြီး ကောက်လှိုင်းများကို တလင်းပျောက်စနစ်ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။

၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။

၄။ ရိတ်-ခြွေ-သိမ်း လုပ်ငန်းများကို ဆက်တိုက် မဆောင်ရွက်ပါက တစ်ဧကလျှင် အနည်းဆုံးစပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇သန်းမှ စပါးတင်း သန်းပေါင်း ၅၁သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေးညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေ များခြင်းများလည်း ဖြစ်ပေါ်စေပါသည်။

၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်းလုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ် ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

သတိပေးနှိုးဆော်ချက်

မော်တော်ယာဉ်မောင်းနှင်သူအနေဖြင့် အရက်သောက်စား မူးယစ်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားလျက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း အရက်သေစာ သောက်စားမောင်းနှင်ခြင်း မပြုရန်နှင့် လိုက်နာခြင်းမရှိပါက ခေတ်မီ အရက်မူးတိုင်းကိရိယာ (Alcohol Tester)ဖြင့် တိုင်းတာ၍ မူးယစ်မှု တွေ့ရှိပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ယနေ့
မီးဘေးကြိုတင်ကာကွယ်ရေးသည်
နက်ဖြန်
မီးဘေးလုံခြုံရေးဖြစ်သည်

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ အချိန်မီလှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ရွှေတိဂုံပုံစံတူ ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"**အား နေပြည်တော်၌ မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် တပေါင်းပွဲတော်အမီပြီးစီးအောင် တည်ထားပူဇော်လျက်ရှိပါသည်။

ရဟန်းရှင်လူ ပြည်သူများကလည်း စေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အားတက်သရော ပါဝင်လှူဒါန်းပူဇော်လျက်ရှိကြပါသည်။

ရွှေသင်္ကန်းကပ်လှူရန် ရွှေပြားလှူဒါန်းမှုနှင့် စပ်လျဉ်း၍ ၂၀၀၉ခုနှစ် ဇန်နဝါရီလမကုန်မီအတွင်း ထည့်ဝင်လှူဒါန်းသူများအား ရွှေစင်ရွှေပြားပေါ်တွင် သက်ဆိုင်ရာ အလှူရှင်အမည်ကို ကမ္ပည်းရေးထိုး၍ ဖေဖော်ဝါရီလအပြီး ကပ်လှူပူဇော်ပေးသွားမည်ဖြစ်ပါကြောင်း စေတနာရှင် ရဟန်းရှင်လူပြည်သူ အပေါင်းအား အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၃(ခ)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၉၄ (E) နေ
ဦးအေးသူ-ဒေါ်အေးအေးမာ တို့၏သားလတ်
ဦးလှသွင်-ဒေါ်မြတ်သူခင်တို့၏တူ၊သား

မောင်ကျော်ဇင်လင်း(ခ) လမင်း

B.A (BM), Second Mate (F.G)
(East Wind Shipping Management Co., Ltd.)

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ သစ္စာလမ်းသွယ်၊ အမှတ်၁၂၄(A)နေ
ဦးဝင်းလှိုင်-ဒေါ်လှလှဝင်း တို့၏သမီးငယ်

မဝင့်ဝင့်ခိုင်(ခ)အိပုံ

B.A (Eng), Dip in Chinese, YUFL (Final Year)

တို့သည် ၃၀-၁၂-၂၀၀၈ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့်
ဂုဏ်သရေရှိလူကြီးမင်းများ၏ရှေ့မှောက်၌
စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ဇင်လင်း-မဝင့်ဝင့်ခိုင်။

"ကမ္ဘာ့စီးပွားရေး အကျပ်အတည်း ဂယက်" ဖိုရမ်ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) က ကြီးမှူးပြုလုပ်သော လစဉ်ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ/ဆွေးနွေးပွဲ(ဇန်နဝါရီ ၂၀၀၉)ကို Fortune International Co., Ltd. ၏ ကူညီပံ့ပိုးမှုဖြင့် ဇန်နဝါရီ ၃ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower (ပထမထပ်) မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးမည့်ခေါင်းစဉ်မှာ **"ကမ္ဘာ့စီးပွားရေး အကျပ်အတည်း ဂယက်"** (Forum on Implications of the Global Economic Crisis) ကို စားပွဲဝိုင်းဆွေးနွေးမှုပုံစံဖြင့် ကျင်းပသွားမည် ဖြစ်သည်။ ဆွေးနွေးပွဲသဘာပတိအဖြစ် ပါမောက္ခဒေါက်တာအောင်ထွန်းသက်(Principal Officer Retired), UN System Staff College, Turin, Italy) ကဆောင်ရွက်မည်ဖြစ်ပြီး ပါဝင်ဆွေးနွေးမည့်ပုဂ္ဂိုလ်များမှာ စီးပွားရေးပညာရှင် ပါမောက္ခဒေါက်တာတင်စိုး(Visiting Professor, Kobe University)၊ ဦးလှမောင်ရွှေ(အကြီးတန်းဒုတိယဥက္ကဋ္ဌ(၁)၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်)၊ (U Hla Maung Shwe, Senior Vice-President (1), Myanmar Fisheries Federation)၊ ဦးမြတ်သင်းအောင် (နာယက၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း) (U Myat Thin Aung, Patron, Myanmar Indrstries Association)၊ ဦးအောင်သန်းဦး (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း)၊ (U Aung Than Oo, Chairman, Myanmar Rice and Paddy Traders Association) နှင့် ဦးမောင်မောင်ဆွေ (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များအသင်း (U Maung Maung Swe, Chairman, Union of Myanmar Travels Association) တို့ဖြစ်ကြသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းများမှ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချောင်းဆုံ၌ မြို့သာယာလှပရေး ဆောင်ရွက်

ချောင်းဆုံ ဒီဇင်ဘာ ၃၁

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးအတွက် ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိရာသို့ မြို့နယ်အမှုဆောင်အရာရှိ ဦးရဲဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ကြည်တို့ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အသိပညာပေး ဟောပြောပွဲများ မူဆယ်၌ကျင်းပ

မူဆယ် ဒီဇင်ဘာ ၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဆန်းဝင်းသည် မူဆယ်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ကဗျာဆရာမျိုးနိုင်(မူဆယ်)နှင့် မောင်မျိုးဟန်(ငါးသိုင်းချောင်း)တို့နှင့်အတူ နိုဝင်ဘာ ၂၈ရက်က နမ့်ခမ်းမြို့နယ် အထက(၁)၌လည်းကောင်း၊ ဒီဇင်ဘာ ၁၀ရက်က မုံးကိုးမြို့နယ် အထက၌လည်းကောင်း၊ ဒီဇင်ဘာ ၁၅ရက်က ကွတ်ခိုင်(ပန်းဆိုင်း)မြို့ အထက၌လည်းကောင်း အသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့သည်။

ဟောပြော

အဆိုပါ ဟောပြောပွဲ၌ ခရိုင်ဦးစီးအရာရှိက လူတိုင်းအတွက် ရည်မှန်းချက် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကဗျာဆရာ မျိုးနိုင်(မူဆယ်)က စာပဒေသာခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာဆရာ ဇော်မျိုးဟန် (ငါးသိုင်းချောင်း)က မြန်မာကဗျာ၊ မြန်မာစာခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြရာ နမ့်ခမ်းမြို့တွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်လှိုင်၊ မုံးကိုးမြို့တွင် ရဲစခန်းမှူး ရဲအုပ်အောင်မျိုးလတ်၊ ကွတ်ခိုင်မြို့တွင် မြို့မ ဥက္ကဋ္ဌ ဦးကိုကိုအောင်တို့က အမှာစကားပြောကြားခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

အထက(၃)မင်္ဂလာတောင်ညွန့်(စိန်ဂျိုးဇက်ကွန်ဗင့်) ကျောင်းသူဟောင်းများ၏(၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

အထက(၃) မင်္ဂလာတောင်ညွန့်(စိန်ဂျိုးဇက်ကွန်ဗင့်)ကျောင်းတွင် ပညာသင်ကြားပေးခဲ့သော မြတ်ဆရာ/ ဆရာမကြီးများအား ရိုသေလေးမြတ်စွာ ပူဇော်ကန်တော့လိုပါ၍ မပျက်မကွက် အပူဇော်ခံကြွရောက်ကြပါရန်နှင့် ကျောင်းနေဖက် ငယ်ပေါင်း သူငယ်ချင်းများ ကြည်နူးဖွယ်၊ ပီတိဖြစ်ဖွယ်ရာ တစ်နှစ်တစ်ခါ ပြန်လည်တွေ့ဆုံကုသိုလ်ယူပွဲသို့ ကြွရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

နေ့ရက် - ၄-၁-၂၀၀၉ရက် (လွှတ်လပ်ရေးနေ့)
အချိန် - နံနက် ၉ နာရီ
နေရာ - ယုဇနခန်းမ (အထက-၃၊ မင်္ဂလာတောင်ညွန့်)

အာစရိယပူဇော်ပွဲအတွက် ကုသိုလ်ပြုလိုပါက ကျောင်းသို့ဆက်သွယ် လှူဒါန်းနိုင်ပါသည်။
ကျောင်းဖုန်း-၃၇၅၂၁၃

အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ။

နှစ်သစ်မွေးနေ့ မင်္ဂလာဆုတောင်း

၁-၁-၂၀၀၉ရက် မင်္ဂလာနှစ်သစ်တွင်ကျရောက်သော သမီးလေးဖြူစင်ချမ်းသာ၏ (၅)နှစ်ပြည့် မွေးနေ့မှသည် ကိုယ်၊စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာဖြင့် အသက်ရှည်၍ ကောင်းကျိုးဆောင်ရွက်နိုင်သော သမီးကောင်းရတနာလေး ဖြစ်ပါစေလို့ ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်။

နှစ်ဖက်သော	-	**ဘိုးဘိုး၊ ဘွားဘွားဆွေမျိုးများနှင့်**
ချစ်ဖေဖေ	-	**ဦးချမ်းသာ [LL.B, D.B.L,D.M.L,D.I.L, D.A.Psy, MPA]**
ချစ်မေမေ	-	**ဒေါ်ဥမ္မာမြင့်(ခ)ဒေါ်ဟန်နီဦး [B.A(Eco),LCCI(UK), D.B.L, D.M.L, D.I.L,]**
ချစ်မောင်လေး	-	**ပြည့်စုံချမ်းသာ**
ဝန်ထမ်းများ	-	**ချမ်းသာအောင်မြင်ကုမ္ပဏီနှင့် သုခစုစံပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ သုခစုစံ စက်မှုလက်မှုသင်တန်းကျောင်း**

အမြန်ဆက်သွယ်ရန်

ဒေါ်မြင့်မြင့်ဝင်း(မစူး) (EMDY-၂၇၇၉၇၅) အရေးကြီးကိစ္စများနှင့် ခွင့်ကိစ္စဆောင်ရွက်ရန် အမြန်ဆက်သွယ်ပါ၊ အားလုံးခွင့်လွှတ်သည်။

မေမေနှင့်မောင်နှမများ။

လူပျောက်

အထက်ပါဓာတ်ပုံရှင် အင်နမ္မလ်ဟာစံ(ခ)အောင်နေဝင်းသည် ၁၉-၁၂-၂၀၀၈ရက်တွင် မော်လမြိုင်မြို့ အစ္စလာမ်ဘာသာရေးကျောင်းမှ ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပါ။ အဘိုး-အဘွား၊ အမေစိတ်ပူနေသည်။ အမြန် ပြန်လာပါ။ တွေ့ရှိလျှင်အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။ **မိခင်-ဘိလ်ကစ်ဘီ**
ဖုန်း-၀၉-၅၁-၂၃၈၇၈၊ ၀၁-၂၄၆၁၂၅။

မိမိပိုင်တိုက်ခန်းဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်အပိုင်၊ အမှတ်၁၇/A ဝင်းအတွင်းရှိ တိုက်(C)၊ အခန်းအမှတ်၁၀၁၊ ၁၀၂နေ ဒေါ်ခင်မေကြည် ၁၂/ဒဂန(နိုင်)၀၀၆၀၈၉၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် ဦးတင်လတ်(ဦးတင်လပ်) ၁၂/ဒဂန(နိုင်)၀၁၃၀၉၁-ဒေါ်တင်စိန်(ကွယ်လွန်)တို့၏ တစ်ဦးတည်းသော သမီးအရင်းဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေသည် ခြံအမှတ်(၁၇)က ဝန်းအတွင်း၌ ဆောက်လုပ်ထားသော တိုက်ခန်းအမှတ်(A/၃၀၁)၊ ၂၅ပေ×ပေ၆၀လေးလွှာအခန်းအား ၃-၄-၁၉၉၆ခုနှစ်တွင် မြန်မာ့အလှဆောက်လုပ်ရေး ကန်ထရိုက်အဖွဲ့ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းအခန်းနှင့် တစ်ဆက်တည်းဖြစ်သော သူမ၏ဖခင်အခန်းနှင့် တစ်စပ်တည်းဖြစ်၍ ပေါင်းစပ်ကာ အခန်းကိုစိတ်ကြိုက်ပြင်ဆင်မွမ်းမံပြီး သော့ခတ်ထားခဲ့ပါသည်။

ကျွန်ုပ်မိတ်ဆွေသည် လက်ရှိအခြေအနေတွင် ကျန်းမာရေးအခြေအနေကြောင့် ပြည်ပနိုင်ငံတွင် ဆေးဝါးသွားရောက်ကုသရသဖြင့် ထိုသို့သွားရောက်ကုသနေစဉ်အတွင်း ကျွန်ုပ်၏မိတ်ဆွေ ပိုင်ဆိုင်သော အခန်းအမှတ် ၃၀၁/၃၀၂ အခန်းအတွင်းမှ ပစ္စည်းများကို ခွင့်ပြုချက်မရှိပဲ ရွှေ့ပြောင်းခြင်း၊ သော့များပြောင်းလဲခတ်ထားခြင်းတို့ကို ပြုလုပ်ထားပါသဖြင့် ကျွန်ုပ်မိတ်ဆွေမှာများစွာစိတ်ထိခိုက်ရပါသည်။ သို့ပါ၍ ယခုကြော်ငြာစာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ပြောင်းလဲခတ်ထားသော သော့ခလောက်၏ သော့တံနှင့်အတူ ကျွန်ုပ်မိတ်ဆွေ၏ သော့အဟောင်းတို့ကိုပါ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ဖြစ်စေ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ အမြန်ဆုံး ပြန်လည်ပေးအပ်ရန် သက်ဆိုင်သူများအား သိစေအပ်ပါသည်။ အကယ်၍ မသိကျိုးကျွန်ပြုလျက် ဆက်လက်နေထိုင်မည်ဆိုပါက ကျွန်ုပ်မိတ်ဆွေအနေဖြင့် ခွင့်ပြုထားသော သတ်မှတ်ရက်ကျော်လျှင် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခဲ့သည်ရှိသော် ကျူးလွန်ထားသူတို့၏ တာဝန်သာဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးဝင်း LL.B.,H.G.P, D.B.L,D.M.L တရားရုံးချုပ်ရှေ့နေ
အမှတ်၂၈၊ ၁၃၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်(ငြိမ်း)-
ဒေါ်စမ်းစမ်းမြင့်တို့၏သားကြီး

ဗိုလ်ကြီးမင်းကိုအောင်

B.A (D.S.A), M.A (Hist)

နှင့်

ရန်ကုန်မြို့နေ ဦးကျော်သိန်း-ဒေါ်ဝင်းကြည်တို့၏သမီးငယ်

မယမင်းကျော်

B.Sc (Bot)

တို့သည် နှစ်ဖက်သော မိဘများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်၌ ၂၉-၁၂-၂၀၀၈ရက်တွင် စေ့စပ် ကြောင်းလမ်း ပြီးစီးပါကြောင်း။

ဗိုလ်ကြီးမင်းကိုအောင်-မယမင်းကျော်။

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ
ဦးကြည်ဆန်း(Chief Mate.Uniteam Marine)-ဒေါ်သက်သက်နုတို့၏သား

မောင်မျိုးသက်ဆန်း

(3rd Year, Physic), ITE (Higher Nitec)
(2nd Year, Republic Poly S'Pore)

နှင့်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ၊ ဦးညီညီအောင်(ရွှေစည်တော်ဆောက်လုပ်ရေး Co.,Ltd.)-ဒေါ်မိုးသူဇာတို့၏ သမီးငယ်

မဆွေဇင်ညီညီ

(L.L.B,Dip in IT),CAT (Kaplan in S'pore)

တို့သည် နှစ်ဖက်သောမိဘဆွေမျိုးများ၏ သဘောတူညီမှုဖြင့် ၁၆-၁၂-၂၀၀၈ရက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်မျိုးသက်ဆန်း-မဆွေဇင်ညီညီ။

တရားဝင်တစ်ဦးတည်းသောသမီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်အပိုင်၊ အမှတ် ၁၇/A ဝင်းအတွင်းရှိ တိုက်(C)၊ အခန်းအမှတ် ၁၀၁၊၁၀၂နေ ဒေါ်ခင်မေကြည် ၁၂/ဒဂန(နိုင်) ၀၀၆၀၈၉ ၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် ဦးတင်လတ်(ဦးတင်လပ်) ၁၂/ဒဂတ(နိုင်)၀၁၃၀၉၁ ဒေါ်တင်စိန်(ကွယ်လွန်)တို့၏ တစ်ဦးတည်းသော သမီးအရင်းဖြစ်ပါသည်။ ၎င်း၏မိဘနှစ်ပါးတွင် သား ဦးသန်းဦးနှင့် သမီး ဒေါ်ခင်မေကြည်ဟူ၍သားသမီးနှစ်ဦးရှိခဲ့သော်လည်း မိရင်းဖရင်းဖြစ်သော ဦးတင်လတ်(ဦးတင်လပ်)ဒေါ်တင်စိန်(ကွယ်လွန်)တို့မှနေ၍ သားဖြစ်သူ ဦးသန်းဦးအား ၁၂-၄-၁၉၅၈ခုနှစ်တွင် **ဒေါ်ဖွားသင်**ဆိုသူအား အမွေစားအမွေခံအပြီးမွေးစားရန် ပေးခဲ့ပါသည်။ ထို့နောက် ဦးသန်းဦးက မွေးစားမိခင်ဒေါ်ဖွားသင် ကွယ်လွန်ပြီးသည့်နောက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးရှိ ဒုတိယမှတ်ပုံတင်အရာရှိထံတွင် ၉-၇-၁၉၆၂ ရက်နေ့၌ "ပိုင်ဆိုင်ကြောင်းကြေညာစာချုပ်" စာအုပ်အမှတ်(၄)၊ အတွဲ(၂၃၄)၊ စာမျက်နှာအမှတ် ၁၇၅၊ ၁၇၆၊ စာချုပ်အမှတ် ၁၁၉၃/၆၂အရ မွေးစားမိခင်ပိုင်ဆိုင်ပြီး ကျန်ရစ်ခဲ့သောပစ္စည်းများအပေါ် မိမိတစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်းကြေညာစာချုပ်ကို တရားဝင်တင်သွင်းခဲ့သလို မွေးစားမိခင်၏ ကျန်ရစ်ပစ္စည်းများအပေါ်၌လည်း ကောင်းမွေစံခဲ့ပြီး ဖြစ်ပါသည်။ ဦးသန်းဦးမှာ ၁၁-၃-၁၉၇၃ရက်တွင် ကွယ်လွန်ခဲ့ပါသည်။

ထိုသို့မွေးစားမိခင်၏ အမွေအနှစ်များကို ရရှိခံစားခဲ့ပြီးဖြစ်၍ ၎င်းအနေနှင့်ဖြစ်စေ၊ ၎င်းနှင့် ပတ်သက်သောသူများနှင့်ဖြစ်စေ မိရင်းဖရင်းထံတွင် ထပ်မံ၍ အမွေကိုခံစားနိုင်ခွင့်ရှိမည် မဟုတ်ကြောင်း သက်ဆိုင်သူများကို သိစေအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ဖခင်မှာ ယခုအခါ(၉၃)နှစ်ရှိပြီး ကျန်းမာရေးချို့တဲ့ကာ မိမိလုပ်ဆောင်သည်များကို အမှား၊ အမှန်ခွဲခြားနိုင်သည့် အခြေအနေပုံမှန်လုံးဝမရှိပါ။ ထို့အတူ ကျွန်ုပ်မိတ်ဆွေသည်လည်း တစ်ဦးတည်းသော တရားဝင်သမီးဖြစ်လင့်ကစား လက်ရှိအခြေအနေတွင် ကျောက်ကပ်ရောဂါခံစားနေရသော ဝေဒနာရှင်တစ်ဦးဖြစ်ပါသည်။

ထိုသို့ ကျွန်ုပ်မိတ်ဆွေ၏ ကျန်းမာရေးအခြေအနေကြောင့် ပြည်တွင်း ပြည်ပဆေးရုံများတွင် မကြာခဏဆိုသလို ဆေးဝါးကုသရန် သွားရလေ့ရှိပြီး ယင်းသို့ဆေးဝါးကုသရန် သွားရောက်နေစဉ်အတွင်း ဥပဒေနှင့်မလျော်ညီသည့် အထက်ဖော်ပြပါ ဦးသန်းဦး၏ အနွယ်အပွားများမှ ကျွန်ုပ်မိတ်ဆွေ၏ ဖခင်အားနည်းအမျိုးမျိုးဖြင့် သွေးဆောင်ဖြားယောင်းပြီး မိသားစုစိတ်ဝမ်းကွဲအောင် အမျိုးမျိုးဖန်တီးလုပ်ဆောင်လျက် ၎င်းတို့၏အကျိုးစီးပွားများကို ဆောင်ရွက်နေခြင်းအပေါ် ကျွန်ုပ်မိတ်ဆွေမှ သိရှိသည်။

သို့ပါ၍ ကျွန်ုပ်မိတ်ဆွေ၏ မျက်ကွယ်တွင် သူမ၏ဖခင်အား လီဆယ်၍ ပြောဆိုကာ ရယူထားကြသော အမွေဆိုင် ရွှေ့ပြောင်းနိုင်ပစ္စည်းဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းဖြစ်စေ ပိုင်ဆိုင်မှုကိုရယူထားပါက ဥပဒေနှင့်လုံးဝမလျော်ညီသဖြင့် ကျွန်ုပ်မိတ်ဆွေက လုံးဝအသိအမှတ်မပြုကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ မည်သူမဆို မမှန်ကန်သောနည်းဖြင့်ရယူထားသော အမွေဆိုင်ပစ္စည်းများအပေါ် ကျွန်ုပ်မိတ်ဆွေဒေါ်ခင်မေကြည်အား လာရောက်တွေ့ဆုံရန် ဖိတ်ခေါ်ပါသည်။ လိုအပ်ပါက ကျွန်ုပ်မိတ်ဆွေက သဘောထားကြီးစွာဖြင့် အသိအမှတ်ပြုပေးမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ (သို့မဟုတ်)ပါက ယင်းသို့ မျက်ကွယ်တွင်ရယူထားသော ပစ္စည်းတို့အပေါ် လုံးဝအသိအမှတ်ပြုမည်မဟုတ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးစိုးဝင်း
LL.B, H.G.P, D.B.L, D.M.L
တရားရုံးချုပ်ရှေ့နေ
အမှတ်၂၈၊ ၁၃၄လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ရမည်းသင်းမြို့နယ်၌ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူနာများအား ဆေးဝါးအခမဲ့ကုသမှုများ ဆောင်ရွက်

ရမည်းသင်း ဒီဇင်ဘာ ၂၅

ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဦးခိုင်နှင့် အဖွဲ့ဝင်(၁) ရဲမှူးဇော်မင်း၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အတွင်းရေးမှူး ဦးစန်းမောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်စန်းစန်းတင် ဦးဆောင်သော အထူးကုဆရာဝန်များအပါအဝင် ဆရာဝန် ၁၅ ဦး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များ ပါဝင်သောအဖွဲ့သည် ဒီဇင်ဘာ ၁၄ ရက်က ဝါးဖြူတောင်ကျေးရွာအုပ်စုအတွင်းမှ ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အိမ်ထောင်ဦးစီးများ စုစုပေါင်း ၃၅၀ကျော်နှင့် တွေ့ဆုံ၍ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ခရိုင်ဥက္ကဋ္ဌ ဦးဦးခိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းများ ဆွေးနွေးမှာကြားသည်။ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးချီမောင်က ဝါးဖြူတောင်(အောက်)ကျေးရွာရွှေယဉ်မြေစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ် ၅၀ လှူဒါန်းရာ ကျေးရွာအုပ်စုဥက္ကဋ္ဌဦးမျိုးအောင်က လက်ခံရယူသည်။

မှာကြား

ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တောင်သူဦးလှဘော်၏ လိမ္မော်ခြံနှင့် လက်ဖက်ခြံသို့ သွားရောက်ကြည့်ရှုပြီး လိုအပ်ချက်များ မှာကြားသည်။

ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဒေါ်စန်းစန်းတင် ဦးဆောင်သော အထူးကုဆရာဝန်များအဖွဲ့က ဝါးဖြူတောင်ကျေးရွာအုပ်စုအတွင်းရှိ သွားရောဂါ၊ တီဘီရောဂါ၊ မီးယပ်နှင့် သားဖွားရောဂါနှင့် အထွေထွေရောဂါ လူနာ ၂၆၄ ဦးတို့အား ဆေးဝါးအခမဲ့ကုသပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းဟန်လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ဒေါ်ဥရူ ၃ လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နောင်ချိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့မဈေး မီးဘေးလုံခြုံရေး ဆောင်ရွက်

နောင်ချို ဒီဇင်ဘာ ၂၆

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးလုံခြုံရေးရှိစေရန်အတွက် ဒီဇင်ဘာ ၂၀ရက်က မြို့နယ်မီးသတ်တပ်ဖွဲ့မှူး၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ဈေးအကျိုးဆောင်အဖွဲ့ဝင်များ ပူးပေါင်းစစ်ဆေးရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာ ရေး နှစ် အတွင်း ဆောင်ရွက်သည့် ကော့ခပုံကျေးရွာအဝင်လမ်း ကျောက်ခင်းမှုအခြေအနေကိုအမှုဆောင်အရာရှိ (ဒုတိယ ညွှန်ကြားရေးမှူး) ဦးမောင်မောင်အေးနှင့် လက်ထောက်အင်ဂျင်နီယာဦးတင်မောင်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျိုက်ထိုမြို့နယ်၌ အသိပညာပေးဟောပြော

ကျိုက်ထို ဒီဇင်ဘာ ၂၂

ကျိုက်ထိုမြို့နယ် ဖက္ကလိပ်ကျေးရွာအုပ်စု ကြာဖြူကျေးရွာတွင် ဒီဇင်ဘာ ၁၃ ရက်က အသိပညာပေး ဟောပြောပွဲကို ကျေးရွာအမကကျောင်း၌ကျင်းပရာကျေးရွာဥက္ကဋ္ဌ ဦးအောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလင်းက ကျေးရွာစာကြည့်တိုက်ရေရှည်တည်တံ့ဖွံ့ဖြိုးရေးကို ဆွေးနွေးဟောပြောသည်။ (မြို့နယ် ပြန်/ဆက်)

မြစ်ကြီးနားမြို့၌ ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်ပျိုးထောင်

မြစ်ကြီးနား ဒီဇင်ဘာ ၂၀

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ထားရှိသော စိမ်းမြရောင်ပန်းခြံရှိပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ရာသီအလိုက်ပျိုးထောင်ထားမှုကို ဒီဇင်ဘာ ၉ရက်က ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်းဆင်း

မန္တလေး ဒီဇင်ဘာ ၂၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၃/၂၀၀၈) သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် နံနက် ၉နာရီခွဲက မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဝန်ထမ်းရေးရာနှင့် သင်တန်းဌာနခွဲညွှန်ကြားရေးမှူး ဦးညွန့်တင်တက်ရောက်၍သင်တန်းဆင်း အမှာစကားပြောကြားပြီး ထူးချွန်ဆုများနှင့် သင်တန်းဆင်း လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲသို့ မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ဇေယျနှင့် ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြများနှင့် အထက်မြန်မာပြည်မှ သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၄၀ တက်ရောက်ကြသည်။ (၃၁၃)

နေပြည်တော် တပ်ကုန်း၌ စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

နေပြည်တော်တပ်ကုန်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ စီစဉ်မှုဖြင့် ဒီဇင်ဘာ ၂၇ ရက် ည ၇နာရီက ဗုဒ္ဓသာသနာပြုဗိမာန်၌ စာပေဆုနှင်းပွဲနှင့် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ ကျင်းပရာ ရန်ကုန်မြို့မှ အမျိုးသားစာပေဆုရ စာရေးဆရာကြီး မောင်ဆုရှင်၊ အမျိုးသားစာပေဆုရ စာရေးဆရာကြီး ဒေါက်တာတင်ထွန်းဦး၊ လူငယ်ဆရာဝန် စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ် (ခ)ယဉ်မင်းဦး (ဆေးတက္ကသိုလ်)တို့က စာပေအနုပညာရေးရာများ ဟောပြောပြီး ဟောပြောပွဲမစတင်မီ မြို့နယ်စာကြည့်တိုက်အတွက် မီးအိမ်ရှင်စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိခဲ့သော စာအုပ်များကို ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က ပေးအပ်လှူဒါန်းခဲ့သည်။ (ဝဲပုံ)

(မြန်မာ့အလင်း)

မိုင်းဆတ်မြို့၌ ကတ္တရာလမ်းများ ပြင်ဆင်ဆောင်ရွက်

မိုင်းဆတ် ဒီဇင်ဘာ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေသည် နိုဝင်ဘာ ၂၀ ရက်က မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်မည့် မြို့တွင်းကတ္တရာလမ်းများကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းပဒေသာ

စေတုတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်သော အဝေရာလမ်း ကျောက်ခင်းနေမှုကို အငယ်တန်းအင်ဂျင်နီယာ(၃) ဦးဟန်မင်းထွန်း တာဝန်ယူဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၅ရက်က အမှုဆောင်အရာရှိ ဦးအောင်ကိုကို ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပန်းအလှပင်များ မြေခင်းအလှပြုပြင်

မိုးကောင်း ဒီဇင်ဘာ ၂၆

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စိမ်းမြသီတာပန်းဥယျာဉ်အတွင်း၌ ပြည်သူများ စိတ်ချမ်းမြေ့စွာ အနားယူအပန်းဖြေနိုင်ရေးအတွက် အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်တို့၏ ကြီးကြပ်မှုဖြင့် အဖွဲ့ဝန်ထမ်းများနှင့် အလုပ်သမားများစုပေါင်း၍ ဒီဇင်ဘာ ၁၂ရက်က ပန်းအလှပင်များစိုက်ပျိုးခြင်း၊ မြေခင်းအလှဆင်ခြင်း၊ လျှောက်လမ်းများ၊ ထိုင်ခုံများနှင့် ကလေးကစားကွင်းများ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ (၀၀၁)

ကန်တော်-ကန်ရပ်လမ်းပြုပြင်

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ကန်တော်-ကန်ရပ်လမ်း ပြုပြင်ခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဒေါ်သန်းသန်းထွေး တာဝန်ယူဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးသက်ပိုင် ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

(၄၇)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

၂၀၀၈ခုနှစ် (၄၇)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင် တက်ရောက်၍ ပြိုင်ပွဲကို ကြည့်ရှုအားပေးပြီး တံခွန်စိုက်ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်သည်။

ကြည့်ရှုအားပေး

ဗိုလ်လုပွဲသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

တစ်ဦးချင်းဆု

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကိုကျင်းပရာ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးသိန်းနိုင်က တတိယရရှိသော တပ်မတော်(လေ)အသင်းအား ဆုချီးမြှင့်ပြီး ဒုတိယရရှိသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား တစ်ဦးချင်းဆုများကို ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ❐

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကိုယ်စား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင် ၂၀၀၈ခုနှစ် (၄၇)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပထမ ရရှိသော ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းအား တံခွန်စိုက် ဆုဖလားကြီးနှင့် ဆင့်ပွားဖလားကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို

မြန်မာ့အလင်း

- ❖ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေသူတိုင်း လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်နေကြသည် — ငါးမင်းဆွေ၏ ဆောင်းပါး စာ ၈-၉
- ❖ ၂၀၀၈ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း လယ်ယာစိုက်ပျိုးရေး (ဆည်တမံ) ကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုမြင်ကွင်း — စာ ၉

- ❖ လွတ်လပ်အမွေ တည်တံ့စေ — မောင်နေမွန်၏ ကဗျာ စာ ၁၀
- ❖ သာကီမျိုးတို့ မြန်မာပြည် — ဇော်မင်းမင်းဦး၏ ကဗျာ စာ ၂၀

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး	✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	✳ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✳ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သာကီမျိုးတို့ မြန်မာပြည်

✳ ငါတို့မွေးသည်၊ မြန်မာပြည်တည့်
ဘီဘင်ဘိုးဘေး၊ အသက်သွေးတို့
စတေးပေးအပ်၊ စွန့်လှူလတ်လျက်
ခိုင်မတ်ခွန့်ရှည်၊ ကမ္ဘာတည်အောင်
သာကီမင်းမျိုး၊မော်ကွန်းထိုးခဲ့
အမျိုးဘာသာ၊ သာသနာနှင့်
ရိုးရာထုံးစံ၊ အမွေမှန်ကာ
မာန် ဖွဲ့ သတ္တိ၊ ကမ္ဘာသိလျက်
သိတိုင်းလေးစား၊ လွှမ်းခံ့ညားအောင်
တရားလည်းဖက်၊ ဓားလည်းထက်သည့်
မင်းဆက်နိုင်ငံ၊ အောင်မြေမှန်ဝယ်
ရှင်သန်ဖွားသစ်၊ လူလာဖြစ်ခဲ့
လူဖြစ်ကျိုးနပ်၊ ဂုဏ်ယူတတ်သည်
မြင့်မြတ်ငါတို့ သခင်မျိုး။

✳ ငါတို့နေသည်၊ မြန်မာပြည်တည့်
ဆည်ချောင်းမြစ်ဝှမ်း၊ ပင်လယ်ကမ်းနှင့်
စိမ့်စမ်းသာခေါင်၊ တောညို့မှောင်ကာ
တောင်ပေါ်မြေပြန့်၊ရေမြေသန့်လျက်
လွင့်ပျံ့စုန်ဆန်၊ဆည်းလည်းသံနှင့်
ကျောင်းကန်ဘုရား၊ များမှများ၏
ဖွံ့ထွားသီးနှံ၊ ဖြိုးမောက်လျှံကာ
ဆန်ရေစပါး၊ စည်ပင်ပွားလျက်
ပတ္တမြား ကျောက်သံ၊ ကျွန်းရေနံနှင့်
သယံဇာတ၊ ပေါကြွယ်လှသည့်
နဂ္ဂဖိုးတန်၊ ဤရပ်ဌာန်ဝယ်
ရှင်သန်ခဲ့ပေ၊ တို့တစ်တွေလျှင်
ဤရွှေတိုင်းပြည်၊ ကွန်းခိုမှီကာ
မြေဆီကိုစား၊ သန်ထွားခဲ့ပြီ
လေပြည်ကိုရှိုက်၊ ပျော်ပိုက်ခဲ့ပြီ
ရေကြည်ကိုသောက်၊ စွမ်းမြောက်ခဲ့ပြီ
နေခြည်ကိုလှုံ၊ လုံခြုံခဲ့ပြီ
မြန်ပြည်သားစစ်၊ ဒို့ပြည်သစ်ကို
ချစ်စိတ်ဆတိုး မြတ်တနိုး။

✳ ငါတို့သေမည်၊ မြန်မာပြည်တည့်
ညီနောင်သွေးချင်း၊ ညီညွတ်ခြင်းဖြင့်
ရိုင်းပင်းအားပြု၊ ပြည်ထောင်စုအား
တုန့်နှိုင်းမဲ့ကင်း၊ မြတ်နိုးခြင်းနှင့်
သင်းပျံ့ထုံမွှမ်း၊ လွတ်လပ်ပန်းအား
လန်းဆန်းနေရေး၊ မျိုးချစ်သွေးဖြင့်
ဒို့မွေးရာမြေ၊ ကျွေးရာမြေနှင့်
ဒို့နေရာတိုင်း၊ ဒို့သမိုင်းကို
မရိုင်းရအောင်၊ ဒို့ကြံဆောင်အံ့
ထူထောင်ဖွံ့ဖြိုး၊ စီးပွားတိုးလျက်
ဖြန့်မိုးရောင်ဝါ၊ သာသနာနှင့်
ရိုးရာအနု၊ ယဉ်ကျေးမှုတို့
ထုထည်ခံ့ခိုင်၊ မယိမ်းယိုင်အောင်
နိုင်ငံ့မျက်နှာ၊ ကြည့်ကြပါအံ့
ကာကွယ်စောင့်ကြပ်၊ မားမားရပ်ကာ
ဒို့သတ္တိသွေး၊ နီစွေးစွေးဖြင့်
ကျေးဇူးဆပ်လျက်၊ ဒို့အသက်ကို
နှင်းဆက်မသွေ၊ ဆယ်ပြန်သေမည်
ဒို့ရေ ဒို့မြေ ဒို့လူမျိုး။
သာကီမျိုးဟေ့ မော်ကွန်းထိုး။ ။

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက် —

ဇော်မင်းမင်းဦး

1-1 (20).pmd 1 1/1/2009, 2:02 AM